ဒို့တာဝန်အရေးသုံးပါး
♦ ပြည်ထောင်စုမပြိုကွဲရေး။
♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail: mwdpress@hotmail.co.uk

မြဝတီ နေ့စဉ်

မှန်ရမည်၊ မြန်ရမည် ပြည်သူ့အတွက် မြဝတီ

the Myawady Daily

**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

မိမိထက် အသက်သိက္ခာဝါကြီးသောသူတို့ကို အမြဲ အရိုအသေပြုလေ့ ရှိခိုးလေ့ရှိသောသူမှာ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော အကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။

**ဓမ္မပဒ**

၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက် ၂၀၁၆ ခုနှစ်၊ ဇွန် ၁ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ(၆)၊ အမှတ်(၄၄)

# အမေရိကန်နိုင်ငံအပါအဝင် မိတ်ဆွေနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်သွားမည်



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် အမေရိကန်ကွန်ဂရက်၊ House Democracy Partnership ဥက္ကဋ္ဌ Mr.Peter Roskam တို့အဖွဲ့ဝင်များနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်စဉ်။ ဓာတ်ပုံ-တင်ဦးဦး

နေပြည်တော် မေ ၃၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် အမေရိကန်ကွန်ဂရက်၊ **House Democracy Partnership** ဥက္ကဋ္ဌ **Mr.Peter Roskam** ဦးဆောင်သည့်လွှတ်တော်ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**စာမျက်နှာ ၁၆ ကော်လံ ၄ ✱**

## ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်ပထမပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ကျင်းပ

စာ-၈ သို့

## ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေးအကောင်အထည်ဖော်ရေးဗဟိုကော်မတီဖွဲ့စည်း

စာ-၁၃ သို့

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမျိုးသားပြတိုက်(နေပြည်တော်) ကြည့်ရှုစစ်ဆေး

စာ-၁၇ သို့

## ဒုတိယသမ္မတ ဦးမြင့်ဆွေ ဂျပန်-မြန်မာ အသင်းဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

စာ-၂ သို့

| မြို့ | အနိမ့်ဆုံးအပူချိန် / | အမြင့်ဆုံးအပူချိန် |
|---|---|---|
| နေပြည်တော် | ၂၅ ˚C / | ၃၅ ˚C |
| ရန်ကုန် | ၂၃ ˚C / | ၂၉ ˚C |
| မန္တလေး | ၂၆ ˚C / | ၃၆ ˚C |

လျှပ်စစ်မီးကိုချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့



www.facebook.com/themyawadydaily



# ၂၀၁၆ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလားစစ်တုရင်ပြိုင်ပွဲ လှည်းကူးမြို့နယ်အသင်း အနိုင်ရဖိုလ်စွဲ



ရန်ကုန် မေ ၃၁

၂၀၁၆ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ တစ်ဦးချင်းနှင့်အသင်းလိုက် စစ်တုရင်ပြိုင်ပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲက ရန်ကုန်မြို့ မိုးလုံလေလုံ အောင်ဆန်းအားကစားပြိုင်ပွဲရုံ၌ကျင်းပရာ လှည်းကူးမြို့နယ် အသင်းက အနိုင်ရဖိုလ်စွဲခဲ့ကြောင်း သိရသည်။

ဆုချီးမြှင့်ပွဲ၌ မြို့နယ်ပေါင်းစုံမှ ငါးဦးတစ်ဖွဲ့ အသင်းလိုက်ပြိုင်ပွဲတွင် လှည်းကူးမြို့နယ်အသင်းမှ ဖိုလ်စွဲခဲ့ရာ တံခွန်စိုက်ပထမဆုနှင့် ငွေကျပ် ငါးသိန်းကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ မြောက်ဥက္ကလာပမြို့နယ်အသင်းမှ ဒုတိယဆုရရှိခဲ့၍ ငွေကျပ် သုံးသိန်း၊ ကြည့်မြင်တိုင်မြို့နယ်အသင်းမှ တတိယဆု ငွေကျပ် နှစ်သိန်းတို့ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် အလွတ်တန်းတစ်ဦးချင်းပြိုင်ပွဲအတွက် ပထမမှ ဒသမဆုအထိ ဆုပေါင်း ၁၀ ဆုအားလည်းကောင်း၊ အသက် ၅၀ အထက် စီနီယာပြိုင်ပွဲနှင့် အသက် ၂၀ နှစ်အောက်လူငယ် မျိုးဆက်သစ်ပြိုင်ပွဲတို့အတွက် ပထမ၊ ဒုတိယ၊ တတိယဆုများအားလည်းကောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ပြိုင်ပွဲအား မေ ၂၂ ရက်မှ ၃၀ ရက်အထိတစ်ရက်လျှင်တစ်ပွဲနှုန်းဖြင့် ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အလိုက်ပြိုင်ပွဲဝင်အသင်း ၁၄ သင်းမှ ကစားသမား ၈၂ ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ပြိုင်ပွဲမှ ထူးချွန်ကစားသမားများအား ဇွန် ၂၀ ရက်တွင် ရန်ကုန်မြို့ မိုးလုံလေလုံ အောင်ဆန်းအားကစားပြိုင်ပွဲရုံ၌ ကျင်းပသွားမည့် အမျိုးသားတံခွန်စိုက်စစ်တုရင် ၁၆ ဦး ပတ်လည်စနစ်ပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်စေပြီး အဆိုပါပြိုင်ပွဲမှ အနိုင်ရရှိသူများကို နိုင်ငံကိုယ်စားပြု လက်ရွေးစင်ကစားသမားများအဖြစ် ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မျိုး(ဧရာဝတီ)**

# အဆင့်မြှင့်တင်ထားသော နှစ်ထပ်ဈေးများ၌ ပွဲကျဈေးသည်များ လာရောက်ရောင်းချခြင်း မရှိသေးသဖြင့် ရောင်းချနိုင်ရန် ဆောင်ရွက်နေ

ရန်ကုန် မေ ၃၁

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီပိုင် ဈေး ၁၂ ခုကို နှစ်ထပ်ဈေးအဖြစ် အဆင့်မြှင့်တင်ခဲ့ပြီး မေလပထမပတ်မှစ၍ ပွဲကျဈေးသည်များအား အပေါ်ထပ်တွင် ဦးရာလူစနစ်ဖြင့် ငါးပေပတ်လည်နေရာပေးသော်လည်း လာရောက်ရောင်းချခြင်းမရှိသေးသဖြင့် ရောင်းချနိုင်ရန် ဆောင်ရွက်နေကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဈေးများဌာနမှ သိရသည်။

"ပွဲကျဈေးသည်တွေအတွက် ရည်ရွယ်ပြီးဆောက်တာ၊ ရောင်းချခွင့်ကိုလည်းပေးပြီးသွားပြီ။ ဒါပေမဲ့ အပေါ်ထပ်မှာတက်မရောင်းကြဘူး။ လမ်းဘေးရောင်းနေကျနေရာမှာရောင်းနေကြတုန်းပဲ။ ဒါကြောင့် ဈေးအပေါ်ထပ်မှာရောင်းချကြဖို့အတွက် ဆောင်ရွက်နေပါတယ်"ဟု ဈေးများဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက အဆင့်မြှင့်တင်တည်ဆောက်ထားသည့်ဈေးသစ်ပေါ်၌ ဈေးရောင်းချရာတွင် အရောင်းအဝယ်မကောင်းသောကြောင့် မူလရောင်းချနေသည့် လမ်းဘေး၌ ပြန်လည်ရောင်းချခြင်းဖြစ်ကြောင်း လမ်းဘေးဈေးသည်တချို့ကပြောကြားခဲ့ပြီး ယခုအခါ အလုံမြို့နယ်ရှိ ဆင်မင်းဈေးအနီးဝန်းကျင်၌ လမ်းဘေးဈေးရောင်းချနေမှုများကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီတို့ပူးပေါင်း၍ နှစ်ထပ်ဈေးအပေါ်ထပ်၌ ဈေးရောင်းရန် ဆောင်ရွက်နေကြောင်း သိရသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီပိုင် ဈေး ၁၂ ခုကို ငွေကျပ် ၁၀ ဘီလီယံအသုံးပြု၍ အဆင့်မြှင့်တင်တည်ဆောက်ထားပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအောက်တွင် အခွန်လွတ်ဈေးအပါအဝင် ၁၇၃ ဈေးအထိ ဖွင့်လှစ်ထားကြောင်း သိရသည်။ (၄၄၇)

# ဂျပန်နိုင်ငံ၏ KANSAI PAINT စက်ရုံ ရွှေပြည်သာစက်မှုဇုန်၌ ဖွင့်လှစ်

ရန်ကုန် မေ ၃၁

ဂျပန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဖြစ်ပြီး မန်ချက်စတာယူနိုက်တက်ဘောလုံးအသင်း၏ စပွန်ဆာကုမ္ပဏီတစ်ခုဖြစ်သည့် ဂျပန်နိုင်ငံ၏ KANSAI PAINT အဆင့်မြင့်သုတ်ဆေးစက်ရုံမှာ ရာနှုန်းပြည့် ပြီးစီးသွားပြီဖြစ်၍ ယမန်နေ့ နံနက် ၉ နာရီခွဲ က ရန်ကုန်မြို့ ရွှေပြည်သာစက်မှုဇုန်(၄) ဘုရင့်နောင်လမ်းရှိ အမှတ် (၁၂၀)တွင် ဖွင့်လှစ်ကြောင်း သိရသည်။



အဆိုပါ စက်ရုံ၏မှခ်ဦးဆိုင်းဘုတ်ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ ပထမအတွင်းဝန် Mr.Kazunari Morii နှင့် ဂျပန်နိုင်ငံ KANSAI PAINT မှ Mr.Ishino San တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုကြပြီး ယင်းစက်ရုံဝင်းအတွင်း၌ သတင်းမီဒီယာသမားများနှင့် စားနယ်ဇင်းရှင်းလင်းပွဲကိုလည်းကျင်းပခဲ့သည်။ ဂျပန်နိုင်ငံ၏ နာမည်ကြီး KANSAI PAINT သုတ်ဆေးသည် ပြည်တွင်းဈေးကွက်သို့ ၂၀၁၀ ပြည့်နှစ်က စတင်ဝင်ရောက်ကာ ယနေ့အချိန်ထိ ငါးနှစ်ကျော်သက်တမ်းရှိကာ အောင်မြင်လျက်ရှိသည်။

ယခု အသစ်တည်ဆောက်ပြီးသောစက်ရုံသစ်တွင် ထူးခြားပြီး လူမှုပတ်ဝန်းကျင်ကျန်းမာရေးနှင့်ညီညွတ်သော KANSAI PAINT သုတ်ဆေးငါးမျိုးကို ထုတ်လုပ်သွားမည်ဖြစ်သည်။ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နိုင်စေရန် ခြင်ပြေးသော အိမ်နံရံသုတ်ဆေး၊ ဇက်တီးရီးယားပိုးမွှားပေါက်ဖွားမှုကို ကာကွယ်ရန် ဆေးရုံ၊ ဆေးခန်း၊ ခွဲစိတ်ခန်းနှင့် စားသောက်ကုန်ထုတ်လုပ်သော အခန်းနံရံသုတ်ဆေး၊ ခေါင်မိုးအပူချိန် ၁၅ °C အထိ လျှော့ချပေးနိုင်သော ခေါင်မိုးသုတ်ဆေး၊ ကြော်ငြာမကပ်ရနေရာ၌ ကြော်ငြာစာရွက်များ၊ စတေကာများအလိုလိုကွာကျသော သုတ်ဆေးနှင့် ရေစိုသည့်နေရာ၌လည်း သုတ်နိုင်သောသုတ်ဆေး စသည့်သုတ်ဆေးငါးမျိုးကို ထုတ်လုပ်သွားမည့်အပြင် တခြားဆီဆေး၊ ရေဆေးများကိုလည်း နိုင်ငံတကာအဆင့်မီထုတ်လုပ်သွားမည်ဖြစ်ကြောင်း KANSAI PAINT စက်ရုံအား တည်ထောင်ခဲ့သော နှင်းသဇင်ဦးကုမ္ပဏီမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ညွှန့်သောင်းက ပြောသည်။

**မောင်မျိုး(ဧရာဝတီ)၊ ကောင်းစစ်နိုင်**

# ဆိတ်ငြိမ်ရပ်ကွက်များ၌ ခွင့်ပြုသည့်အထပ်ထက် ပိုမိုတည်ဆောက်နေသည့် အထပ်မြင့်အဆောက်အအုံများ ဆက်လက်တည်ဆောက်ပါက ကန့်ကွက်သွားမည်

ရန်ကုန် မေ ၃၁

ရန်ကုန်မြို့အတွင်းရှိ ဆိတ်ငြိမ်ရပ်ကွက်များ၌ ခွင့်ပြုသည့်အထပ်ထက် ပိုမိုတည်ဆောက်နေသည့် အထပ်မြင့်အဆောက်အအုံများ ဆက်လက်တည်ဆောက်ပါက ကန့်ကွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဘဏ္ဍာရေးစီမံကိန်းနှင့် စီးပွားရေးကော်မတီဥက္ကဋ္ဌက ပြောသည်။

ထို့ပြင် ရန်ကုန်မြို့တွင်း အထပ်မြင့်အဆောက်အအုံဆောက်လုပ်မှုနှင့် ဆောက်လုပ်ရန်ချထားပေးမှုများကို လွှတ်တော်က စောင့်ကြည့်သွားမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း အထပ်အမြင့်ဆုံးအဖြစ် ဆောက်လုပ်ဆဲ၊ ကွန်ဒိုစီမံကိန်းအပါအဝင် ဆောက်လုပ်ဆဲ အထပ်မြင့်အဆောက်အအုံစီမံကိန်း ၁၀၀ ကျော်ကိုလည်း ပြန်လည်စိစစ်ရန်ရှိကြောင်း သိရသည်။

အထပ်မြင့်ဆောက်လုပ်ရန် ချထားပေးခြင်းတို့တွင် စည်ပင်သာယာရေးကော်မတီမှ ဥပဒေများ၊ မူဝါဒများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မည်သည့်နေရာ၌ မည်သည့်အချက်အလက် ပြည့်စုံမှုများဖြင့် မည်သို့ချထားပေးသည်ကို လွှတ်တော်အနေဖြင့် စောင့်ကြည့်သွားမည်ဖြစ်ကြောင်း သိရသည်။ ရန်ကုန်မြို့တော်သည် အထပ်မြင့်အဆောက်အအုံဇုန်၊ ကာကွယ်ထိန်းသိမ်းရေးဇုန်နှင့် လူနေထူထပ်ဇုန်စသည်ဖြင့် ခွဲခြားသတ်မှတ်ရန်လိုအပ်နေကြောင်း လက်ရှိအချိန်ထိ အထပ်မြင့်စီမံကိန်းများချထားပေးမှုတွင် ဇုန်သတ်မှတ်ချက်များမရှိသည့်အတွက် တည်ဆောက်ရန်မသင့်သည့်နေရာများ၌လည်း ချထားပေးမှုများရှိကြောင်း သိရသည်။ (၄၄၃)

# ရန်ကုန်မြို့ပတ်ရထားကဏ္ဍမြှင့်တင်ရန် မြို့ပတ်ရထားနှင့် ဘတ်စ်ကားစနစ်ကို ချိတ်ဆက်လုပ်ဆောင်သင့်

ရန်ကုန် မေ ၃၁

ရန်ကုန်မြို့၏ ယာဉ်ကြောပိတ်ဆို့မှုအခြေအနေများကြောင့် မြို့ပတ်ရထားကဏ္ဍသည် အနာဂတ်တွင် အရေးပါသည့် သယ်ယူပို့ဆောင်ရေးစနစ်အဖြစ် ပါဝင်လာမည်ဖြစ်သောကြောင့် မြို့ပတ်ရထားကဏ္ဍကိုမြှင့်တင်ရန် မြို့ပတ်ရထားနှင့် ဘတ်စ်ကားစနစ်ကို ချိတ်ဆက်လုပ်ဆောင်ပေးသင့်ကြောင်း မြို့ပြပညာရှင်များက အကြံပြုထားကြောင်း သိရသည်။

ရန်ကုန်မြို့ပတ်ရထားများတွင် စီးနင်းသူတစ်နေ့လျှင် ၈၀၀၀၀ ခန့်ရှိရာ ပြည်တွင်းခရီးသွားများသာမက နိုင်ငံခြားခရီးသွားဧည့်သည်များပါ စီးနင်းမှုများရှိလာသည့် ရန်ကုန်မြို့၏ မြို့ပတ်ရထားပို့ဆောင်ရေးကဏ္ဍတွင် ပြေးဆွဲနေသော မြို့ပတ်ရထားအချိန်မမှန်မှုများ၊ ဝန်ဆောင်မှုအားနည်းခြင်းတို့ကို ပြုပြင်နိုင်မည်ဆိုပါက မြို့ပတ်ရထားစီးနင်းသူ ပိုမိုများပြားလာမည်ဖြစ်ကြောင်း လေ့လာသူများကသုံးသပ်ခဲ့ကြကြောင်း သိရသည်။

(၄၄၇)


www.facebook.com/themyawadydaily

www.facebook.com/themyawadydaily



# ရက် ၁၀၀ စီမံချက်နှင့် ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာ အသိပညာပေးရှင်းလင်းပွဲ ကျင်းပ

ခင်ဦး မေ ၃၁

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် မြို့မရဲစခန်းမှော်ရုံ၌ ယမန်နေ့ နံနက် ၉ နာရီက ရက် ၁၀၀ စီမံချက်နှင့် ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာနှင့်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေးအသိပညာပေးရှင်းလင်းပွဲကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမျိုးနိုင်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းထွန်းတို့က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးသန့်က မြန်မာနိုင်ငံရဲတပ်ဖွဲ့၏အဓိကတာဝန်ကြီး(၄)ရပ်ဖြစ်သော ပြည်တွင်းလုံခြုံရေးနှင့်ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရေးတို့ကို အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သင်းသင်းကြူနှင့် ဦးကျော်မင်းထွန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမျိုးနိုင်နှင့်အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် သတင်းမီဒီယာများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

စံကျော်အုန်း(ခင်ဦး)

# စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနက ပုဂ္ဂလိကစက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

နေပြည်တော် မေ ၃၁

နေပြည်တော် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနကကြီးမှူးကျင်းပသော ရက် ၁၀၀ အတွင်း ပုဂ္ဂလိကစက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပျဉ်းမနားမြို့နယ်အတွင်းရှိ စက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးတင်ထွဋ်တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် နေပြည်တော်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဇော်အောင်က ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေ၊ နည်းဥပဒေနှင့် ပုဂ္ဂလိကစက်မှုလုပ်ငန်းများမှတ်ပုံမတင်မီနှင့်မှတ်ပုံတင်ပြီး သိရှိလိုက်နာဆောင်ရွက်ရမည့်အချက်များသိရှိစေရေး၊ ပြစ်မှုပြစ်ဒဏ်နှင့်ပတ်သက်သည့် အချက်များကိုလည်းကောင်း၊ ဒက္ခိဏခရိုင်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်အောင်က SME ချေးငွေလျှောက်ထားရာတွင် ပါဝင်ရမည့်အချက်များ၊ SME ချေးငွေထုတ်ပေးပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ နေပြည်တော် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသီဟဇော်က ဘွိုင်လာဌာနနှင့် ဘွိုင်လာအကြောင်း သိကောင်းစရာများကိုလည်းကောင်း အသီးသီးရှင်းလင်းဆွေးနွေးတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် စက်မှုလုပ်ငန်းရှင်များက သိရှိလိုသည့်အချက်များကိုမေးမြန်းရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးပြီး နေပြည်တော်ကောင်စီဝင် ဦးတင်ထွဋ်က ဆွေးနွေးတင်ပြချက်များကို ပြန်လည်သုံးသပ်ဆွေးနွေးပေးကြောင်း သိရသည်။ **စိုးမိုး**

## သဇင်(FM)အသံလွှင့်အစီအစဉ်

**၁-၆-၂၀၁၆(ဗုဒ္ဓဟူးနေ့)**

| | | |
|---|---|---|
| ၁။ | ၀၇း၀၀ | Thazin Morning Review & Sports |
| ၂။ | ၀၈း၀၀ | ကျေးလက်ရေးရာ သိမှတ်စရာ |
| ၃။ | ၀၈း၃၅ | Lady talk |
| ၄။ | ၁၀း၀၀ | Birthday Wish |
| ၅။ | ၁၃း၀၀ | ဟာသကမ္ဘာ |
| ၆။ | ၁၄း၀၀ | ချစ်ခြင်းရဲ့ နှစ်ပတ်လည် |

# ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နံ့ရေးနေ့အခမ်းအနားကျင်းပ

နေပြည်တော် မေ ၃၁

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်၌ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နံ့ရေးနေ့အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ အမှတ်(၂၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက ကျောင်းအပ်နံ့ရေးနေ့သီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးသည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်က အဖွင့်အမှာစကားပြောကြားပြီး အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက ဗိုလ်ရွှေဘင်တေးသရုပ်ဖော်သီချင်းဖြင့် ဖျော်ဖြေကြသည်။

ယင်းနောက် ဇမ္ဗူသီရိမြို့နယ် ပညာရေးမှူး ဦးဝင်းဇော်က ကျောင်းအပ်နံ့ရေးနေ့အကြောင်းကို အသေးစိတ်ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသော ဧည့်သည်များက ဗလာစာအုပ်များပေးအပ်ကြရာ တာဝန်ရှိသူအသီးသီးက လက်ခံရယူသည်။




ဆက်လက်၍ အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက ပြည်မြန်မာသီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အခြေခံပညာအလယ်တန်း၊ အခြေခံပညာမူလတန်းကျောင်းများ၌ မေ ၂၈ ရက်အထိ ကျောင်းလာရောက်အပ်နံ့မှု ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၂၂၁၄ ဦး လက်ခံရရှိထားကြောင်း ဇမ္ဗူသီရိမြို့နယ်ပညာရေးမှူး ဦးဝင်းဇော်ထံမှ သိရသည်။

**သန့်မောင်**

# တောင်သာမြို့နယ်၌ စာကြည့်တိုက်သစ်ဖွင့်လှစ်

တောင်သာ မေ ၃၁

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ရွှေပြည်တော်ကျေးရွာ၌ မျိုးချစ်စာကြည့်တိုက်သစ်ဖွင့်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်အဆောက်အအုံရှေ့၌ ကျင်းပသည်။

ရွှေဦးစွာ တောင်သာမြို့နယ် ရွှေပြည်တော်ကျေးရွာ ဆရာတော်ဦးနန္ဒရိယ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးထိန်လင်းနှင့်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ဆွေတို့က စာကြည့်တိုက်အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးထိန်လင်းက စာကြည့်တိုက်ရှင်သန်ခိုင်မာရေးနှင့် စာဖတ်ခြင်းအကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

အဆိုပါစာကြည့်တိုက်သည် အလျား ၂၄ ပေ၊ အနံ ၁၄ ပေ၊ အမြင့် ၁၀ ပေရှိ ကွန်ကရစ်ခင်း၊ အုတ်ညှပ်၊ သွပ်မိုးဖြစ်ကြောင်း သိရသည်။ **ကျော်မျိုးနိုင်(တောင်သာ)**




# အထူးကုန်စည်ခွန်ဥပဒေနှင့် ၂၀၁၆ ခုနှစ် ပြည်ထောင်စုအခွန်အကောက်ဥပဒေ အခွန်ဆိုင်ရာ ရှင်းလင်းဆွေးနွေး

ကန့်ဘလူ မေ ၃၁

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာန၏ အထူးကုန်စည်ခွန်ဥပဒေနှင့် ၂၀၁၆ ခုနှစ် ပြည်ထောင်စုအခွန်အကောက်ဥပဒေ အခွန်ဆိုင်ရာရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၉ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာန ဦးစီးမှူး ဦးနိုင်ဦးက ဆွေးနွေးပွဲကျင်းပရခြင်းမှာ အခွန်ထမ်းပြည်သူများအနေဖြင့် အခွန်ဥပဒေများကို သိရှိနားလည်ပြီး လိုက်နာဆောင်ရွက်နိုင်ရန်နှင့် အခွန်လွတ်ကင်းမှုမရှိစေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း၊ အထူးကုန်စည်ခွန်သည် ဝင်ငွေခွန်ကဲ့သို့ ဝင်ငွေအပေါ် တိုက်ရိုက်ကောက်ခံခြင်းမဟုတ်ဘဲ စားသုံးမှုနှင့်သုံးစွဲမှုအပေါ် ကောက်ခံသည့်ကုန်သွယ်လုပ်ငန်းခွန်ကဲ့သို့ သွယ်ဝိုက်ခွန်ဖြစ်ကြောင်း၊ ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းနှင့်ပြည်ပမှတင်သွင်းခြင်းဖြစ်သည့် အထူးကုန်စည်ခွန် ၁၆ မျိုးရှိကြောင်း၊ ပြည်ထောင်စုအခွန်အကောက်ဥပဒေပုဒ်မ ၁၄(က)အရ ကုန်သွယ်လုပ်ငန်းခွန်မကျသင့်သည့် ကုန်စည် ၈၆ မျိုးရှိကြောင်း၊ ၁၄(ခ)အရ ကုန်စည်များမှာ ၅ ရာခိုင်နှုန်းကျသင့်ကြောင်း၊ ၁၄(ဃ) အရအခွန်မကျသင့်သည့် ဝန်ဆောင်မှု ၂၉ မျိုးရှိကြောင်းစသည်ဖြင့် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် စားသောက်ဆိုင်များအနေဖြင့် ပြေစာအပေါ် ကျသင့်အခွန်အတိုင်း အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချရန်လိုကြောင်း၊ အောင်ဘာလေသိန်းဆုထီစာအုပ်ရောင်းချခွင့်ကို နှစ်စဉ်လျှောက်ထားနိုင်ကြောင်း၊ တံဆိပ်ခေါင်းခွန်နှင့်ပတ်သက်၍ တံဆိပ်ခေါင်းခွန်အပြည့်အဝပေးဆောင်ပြီး စာချုပ်ချုပ်ဆိုမှသာ တရားဝင်ပိုင်ဆိုင်မှုဖြစ်ကြောင်း၊ တံဆိပ်ခေါင်းများကိုလည်း မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ လုံလောက်စွာရောင်းချပေးနေကြောင်း၊ ပြည်သူများ အများဆုံးသုံးစွဲသည့်စာချုပ်စာတမ်းများအပေါ် ထမ်းဆောင်ရမည့် တံဆိပ်ခွန်နှုန်းထားများ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ အခွန်ထမ်းများလိုက်နာဆောင်ရွက်ရန် လိုအပ်သည့်အချက်အလက်များနှင့်ပျက်ကွက်မှုအတွက် ပြစ်မှုပြစ်ဒဏ်များ၊ ဝင်ငွေခွန်ဥပဒေအရ အခွန်ထမ်းများလိုက်နာရန်လိုအပ်သည့်အချက်အလက်များနှင့်ပျက်ကွက်ခြင်းအတွက် ပြစ်မှုပြစ်ဒဏ်များအကြောင်း၊ အခွန်ဆိုသည်မှာ အများပြည်သူအကျိုးအတွက် ကျခံအသုံးပြုရသည့်လုပ်ငန်းများတွင် စုပေါင်းထည့်ဝင်ရခြင်းဖြစ်ရာ ဥပဒေနှင့်အညီ ပေးဆောင်ရမည့်အခွန်များကို ပေးဆောင်ခြင်းဖြင့် ဝိုင်းဝန်းကူညီပေးကြရန်လိုကြောင်းကို တာဝန်ရှိသူအသီးသီးက ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

www.facebook.com/themyawadydaily

www.facebook.com/themyawadydaily



# မြဝတီဘဏ်လီမိတက် ၏ (၄၈) ဘဏ်ခွဲမြောက် 'ရန်ကင်း' ဘဏ်ခွဲ ကို

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်တွင်
၂.၆.၂၀၁၆ ရက် (ကြာသပတေးနေ့) ၌ ဖွင့်လှစ်မည် ဖြစ်ပါသဖြင့်
ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို
ဆက်သွယ်ဆောင်ရွက်နိုင်ပြီ ဖြစ်ပါကြောင်း
မိတ်ပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

"လိုငွေကူညီ မြဝတီ ၊ မှန်သည် မြန်သည် မြဝတီ"

**ဆက်သွယ်ရန်လိပ်စာ**

မြဝတီဘဏ်လီမိတက် (ရန်ကင်း)
ကာကွယ်ရေးဝန်ကြီးဌာနတပ်ပိုင်မြေအတွင်း၊ မြဝတီစာပေတိုက်အနီး၊
မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း – ၀၁ ~ ၅၅၄၅၅၂၊ ၅၅၄၁၄၅၊ ၅၅၄၆၁၈၊ ၅၅၄၇၂၇
ဖက်(စ်) – ၀၁ ~ ၅၅၄၄၇၈ ၊ ၅၅၄၆၄၇

www.facebook.com/themyawadydaily

www.facebook.com/themyawadydaily



# ခွန်အားရှိသောစာ ခွန်အားရှိသောလူငယ်

ဆူးသစ်

**ကျွန်တော်တို့နေထိုင်သော မိသားစု၊ ပတ်ဝန်းကျင်လေး လှပနေဖို့ အဓိက ဦးစားပေးရမှာဖြစ်သည်။ လူတွေကိုတော့ ကြည့်ရှုစောင်မပါရဲ့၊ အိမ်ကမိဘကို စိတ်ဆင်းရဲအောင် လုပ်နေပြီဆိုလျှင်လည်းအလကားပင်။ မိသားစု၊ ပတ်ဝန်းကျင် လှပနေအောင် လူတိုင်းလုပ်ဆောင်နိုင်လျှင် နေရာတိုင်းလှပနေမည်မဟုတ်လား။ ထို့ထက်ပိုပြီးတတ်နိုင်မှ လူမှုလောကအကျိုးကို····**

အမှန်မှာ သည်ခေါင်းစဉ်သည် ကျွန်တော့်ဘဝထဲမှ ဖြတ်သန်းရင်းရလာသော မေးခွန်းတစ်ခုဖြစ်သည်။ ထိုမေးခွန်းကို အဓိကပြောချင်ခဲ့သည်က ဆယ်ကျော်သက် လူငယ်များကို အဓိကဖြစ်သည်။ ဘာသာရေးကဏ္ဍနှင့်လည်း ဆက်နွှယ်နေပြန်၍ ဘာသာရေးကဏ္ဍမှာ ပြောဖြစ်ခဲ့သည်။ ယခုတော့ လူငယ်တွေကိုပြောပါမည်။

"မနုဿတ္တ ဘာဝေါ ဒုလ္လဘော လူ့အဖြစ်ကားရခဲ၏"ဟု ဆိုကြသည်။ ဘာဖြစ်လို့ဆိုကြပါလိမ့်။ တရားစကားဖြစ်၍ အဓိကကတော့ ဘုရားရှင်၏တရားတော်များကို ကျင့်ကြံပွားများခွင့်၊ တွေ့ရှိရကြားခွင့်တွေရှိခြင်းကြောင့်ဟု ဆိုနိုင်သည်။ ဒါက လောကုတ္တရာအရေးအတွက် ပြောခြင်းဖြစ်သည်။

လောကီရေးမှာတော့ "လူ့အဖြစ်ရခဲ၏"ဆိုသောစကားက သိပ်မတွင်ကျယ်သည့်ပုံ။ သည်တော့ ရခဲတာ၊ မရခဲတာမသိ။ လုပ်ချင်တာလုပ်မည်ဆိုသောကိစ္စတွေ ပေါ်ပေါက်လာသည်။ အမှန်က လောကုတ္တရာနှင့်လောကီကို ဆက်စပ်တွေးမှ သဘာဝကျလိမ့်မည်။

အထက်ကဆိုခဲ့သလို လောကုတ္တရာရေးအရ လူ့အဖြစ်ရခဲလျှင် လောကီရေးမှာ မိမိဘဝကို တန်ဖိုးရှိအောင် နေထိုင်နိုင်မှ လောကီ၊ လောကုတ္တရာနှစ်ဖြာအတွက် အကောင်းဆုံးဖြစ်နိုင်သည်ကို သိထားရပေမည်။ ပစ္စုပ္ပန်မှာ ကောင်းကောင်းလုပ်မှ ပစ္စုပ္ပန်နှင့် အနာဂတ်ပါ ကောင်းမည့်သဘော။

ဤသို့ဆိုလျှင် ရခဲသောလူ့ဘဝမှာ ဘာတွေလုပ်မည်နည်း။ လောကုတ္တရာရေး သိပ်မတွေးချင်သောလူငယ်တွေအတွက် လောကီရေးမှာ တွေးစရာ၊ လုပ်စရာတွေရှိသည်ကို သိစေချင်ပါသည်။

ကျွန်တော် လူမှုန်းသိတတ်စတုန်းကလက်လှမ်းမီရာစာအုပ်တွေ ဖတ်ဖြစ်ခဲ့သည်။ စာအုပ်ကောင်းများစွာကို ထိတွေ့ခွင့်ရခဲ့၍ ဖြတ်သန်းခဲ့ရသည့်ဘဝမှာ အတွေးကောင်းများစွာကို မွေးဖွားခွင့်ကြုံခဲ့ရသည်။

ဆေးရုံ နှစ်ရုံ၊ သုံးရုံမှာ နီးနီးကပ်ကပ်လေ့လာခွင့်ရချိန်၌ ချို့တဲ့သောလူနာတွေအတွက် ကိုယ်ချင်းစာစိတ်တွေ မွေးဖွားလာဖူးသည်။

နယ်တစ်နယ်က စာသင်ကျောင်းလေးတစ်ကျောင်းမှာ မြို့က ကလေးတွေ ထိုင်ခုံလုပ်သောခုံရှည်ကိုစာရေးစားပွဲလုပ်ကာ ကလေးတွေက မြေကြီးပေါ်မှာထိုင်၍ စာသင်ရတာမျိုးကို တွေ့သောအခါမှာ သူတို့ဘဝနှင့် မြို့ကကလေးတွေ၏ဘဝကို နှိုင်းယှဉ်ခံစားရင်းစာနာတတ်လာသည်။ ပြီးတော့ ကျွန်တော်ကိုယ်တိုင်ဆယ်တန်းပြီးစ ကလေးကျူရှင်တစ်ခုမှာ စာဝင်ပြနေရင်းပိုက်ဆံရှိသူကလေးတွေကို သင်သောပိုင်းနှင့်စီးပွားရေးမပြေမလည်ဖြစ်နေသော မိသားစုမှကလေးများကိုသင်သောရိုးရိုးတန်း နှစ်တန်းကို ခွဲသင်ရသောအခါမှာလည်း မပြည့်စုံသူကလေးတွေ၏ဘဝကို ထိသိခံစားရင်း ကရုဏာသက်လာသည်။

စိတ်ထဲကတော့ ငါ သူတို့ကို ဘာမျှလုပ်မပေးနိုင်ပါလားဟု တွေးရင်းကြေကွဲချင်သည်။ တကယ်တော့ ဘာမျှမဆိုင်ဟု နေလိုက်လျှင် အနေသာကြီး။ လောကကြီးမှာ မိမိထက် ပိုမိုပြည့်စုံသူတွေ အများကြီး။ သူတို့လုပ်မှာပေါ့ဟု တွေးလိုက်လျှင် စိတ်ထဲမှာ တော်တော်ချမ်းသာမည့်ကိစ္စ။ သို့သော် ဘယ်လောက်ပဲရှိရှိအားလုံးကိုတော့ ပြည့်စုံအောင်မဖြည့်ဆည်းနိုင်။

ထိုအခါ ကျွန်တော့်ရင်ထဲ၌ ကိုယ်ချင်းစာစိတ်နှင့် လူတွေအပေါ် အတတ်နိုင်ဆုံးဖြည့်ဆည်းနိုင်စွမ်းသော စွမ်းအင်မျိုးလိုချင်လာ၏။ ထိုလိုချင်မှုနှင့်အတူ ပေါက်ဖွားလာသော မေးခွန်းတစ်ခုက **"ငါတော့လူဖြစ်နေပြီ၊ ဘာလုပ်မလဲ"** ဆိုသောမေးခွန်း။ ထိုမေးခွန်းကို မေးပြီးသည့်အချိန်မှာ ကောင်းသောပြောင်းလဲစိတ်ကလေးတွေ ကျွန်တော့်ရင်မှာပို၍ ဖြစ်တည်လာပါတော့သည်။

ဤသို့ဆိုလျှင် လူငယ်တွေကို မေးကြည့်ချင်ပါသည်။ ကလေးဘဝကစပြီး ပြောင်းလဲမှုကြုံလာချိန်၊ လူပျို၊ အပျိုပေါက်ဖြစ်လာချိန်မှာ "ငါတော့ လူရာဝင်ပြီ" ဟု မာန်စိတ်ကလေးတွေ ဝင်လာကြတော့မည်မှာ အမှန်ပင်။ လူရာဝင်ပြီဆိုသည်မှာ တကယ်လူဖြစ်လာပြီဟု ဆိုလိုခြင်းမဟုတ်လား။ သည်လိုဆိုလျှင် ကိုယ့်ကိုယ်ကိုယ် မေးကြည့်ကြစမ်းပါ။ **"လူဖြစ်လာပြီ ဘာလုပ်မလဲ"** ဟု။

ကိုးတန်း၊ ဆယ်တန်းအရွယ်တွေက တက္ကသိုလ်ဆက်တက်မည်ဟု ဖြေပါမည်။ တက္ကသိုလ်ကျောင်းသားအရွယ်က အလုပ်ဆက်လုပ်မည်၊ အိမ်ထောင်ပြုမည်၊ မိဘလုပ်ကျွေးမည် စသည်ဖြင့်ဖြေကြပါမည်။ ခံယူချက်ကတော့ တစ်မျိုးစီဖြစ်နေပါလိမ့်မည်။ သို့သော်ထိုတစ်မျိုးစီမှာ တူညီတာတစ်ခုတော့ ရှိနေသည်ကို သတိပြုမိချင်မှ ပြုမိပေလိမ့်မည်။ ထိုအရာကား "ငါတို့လုပ်သမျှ ငါတို့ဖို့ပဲ" ဆိုတာသာဖြစ်သည်။

"လူပဲ အတ္တတော့ရှိတာပေါ့" ဟုဆိုလျှင် "ရှိတော့ရှိပါ၊ သူများကို မထိခိုက်သောအတ္တဖြစ်ဖို့ ထိန်းရန်တော့လိုသည်" ဟု ဆိုချင်သည်။ "အတ္တတွေသိပ်များရင် ဝလာတာပဲ" ဆိုသော သူငယ်ချင်းတစ်ယောက်၏ စကားကို ကျွန်တော်ကြားဖူးသည်။ တွေးကြည့်တော့ ဟုတ်သလိုလိုပင်။ သူငယ်ချင်းဆိုလိုသည်က အတ္တများလာလျှင် ကိုယ့်ဖို့သာကြည့်၏။ ကိုယ်စိတ်ချမ်းသာသလိုနေ၏။ ကိုယ်ကောင်းဖို့သာလုပ်၏။ ထိုအခါ စိတ်ဆင်းရဲစရာမရှိအောင် ချမ်းသာသုခနှင့်ပြည့်ကာ ဝလာသည်ဟု ဆိုသည့်သဘော။

ဒါဖြင့် လူဖြစ်လာပြီး ကိုယ့်ဖို့မှမလုပ်လျှင် ဘာလုပ်မှာလဲဟု ဆိုစရာရှိသည်။ မှန်ပါသည်။ ကိုယ့်ဖို့လုပ်ရင်းမှလည်း ကျန်တာတွေလုပ်နိုင်မှာဖြစ်သည်။ သို့သော် စဉ်းစားရမှာတစ်ခုက မိမိလုပ်လိုက်တိုင်း မိမိတစ်ယောက်တည်းအကျိုးရှိ၍ ကျန်သူတွေမည်မျှနစ်နာသွားသနည်း။ မိမိကို အကျိုးမည်မျှဖြစ်၍ မိမိနှင့် သက်ဆိုင်ရာ ပတ်ဝန်းကျင်ကိုရော အကျိုးမည်မျှဖြစ်သနည်းဆိုတာပဲ ဖြစ်သည်။

အလုပ်တိုင်းကို စဉ်းစားရမှာလားဆိုတော့ တတ်နိုင်သမျှ စဉ်းစားကြည့်စေချင်သည်။ ပထမတော့ တမင်လုပ်ယူရတာမျိုးဖြစ်ပြီး နောက်တော့အကျင့်ဖြစ်ကာ တွေးတတ်လာပါလိမ့်မည်။

ဆိုလိုသည်က လူငယ်ဘဝမှာ အရက်သောက်၊ ဖဲရိုက်၊ မိန်းမရှုပ်၊ လောင်းကစားဖက်စသည်ဖြင့် ကြိုက်ရာလုပ်ခွင့်ရှိနေသည်။ သို့သော် မိမိမှာ အကျိုးတကယ်ရှိသလား။ ဒုက္ခဘယ်လောက်များမှာလဲ။ မိမိကို ဘယ်လိုသတ်မှတ်မည်လဲ။ ထိုကိစ္စတွေ လုပ်လိုက်လျှင် မိမိ မိသားစုကိုဘယ်လိုရိုက်ခတ်မည်လဲ စသည်ဖြင့် စဉ်းစားကြည့်ပါ။ မစဉ်းစားဘဲ တဇွတ်ထိုးလုပ်လျှင်တော့ နောင်တကကျိန်းသေရပေလိမ့်မည်။ ဒါကမကောင်းမှုများအပိုင်း။

ကောင်းမှုများအပိုင်းမှာရော၊ အလုပ်လုပ်သည်။ ကျောင်းတက်သည်။ လူတိုင်းလောလောဆယ်မှာ ကောင်းကောင်းမွန်မွန်နေထိုင်လှုပ်ရှားနေသည်ကိုပင် ကိုယ့်ကိုယ်ကိုယ်ကျေနပ်ကြသည်။ မှန်ပါသည်။ မိမိပတ်ဝန်းကျင်အသိုင်းအဝိုင်းထဲမှာ မိမိကြောင့် ဝန်ထုပ်ဝန်ပိုးမဖြစ်ခြင်း၊ မိမိနှင့်သင့်လျော်မည်ထင်သည့် လမ်းကိုမိမိလျှောက်လှမ်းနိုင်ခြင်းသည် ကျေနပ်စရာပင်။

သို့သော် ထိုအရာတွေက တကယ်ကျေနပ်စရာဟုတ်ပါသလား။ အမှန်အတိုင်းဆိုရလျှင် သင့်တင့်သော ကျေနပ်မှုသာဖြစ်စေချင်သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့ကျေနပ်မှုတွေက အတ္တမကင်းသောကြောင့်ပင်။ဘဝမှာ စစ်မှန်သောကျေနပ်စရာတွေများစွာကျန်နေပါသေးသည်။

ငယ်ရာမှကြီးလာသည်။ ကျောင်းတက်သည်။ မဆိုးမတေ လိမ္မာသည်။ ကျောင်းပြီး အလုပ်လုပ်သည်။ အိမ်ထောင်ကျသည်။ မိဘကို တတ်နိုင်သလောက်လုပ်ကျွေးသည်။ တချို့ဆို အိမ်ထောင်ပြုပြီး မိဘကို လှည့်ပင်မကြည့်တော့။ သည်လိုနှင့်အသက်ကြီးသွားသည်။ ဘဝကိုကျကျနနဖြတ်သန်းခဲ့ပြီး လူ့အရသာခံစားခြင်းဖြစ်၍ လူ့သဘာဝနှင့်ကိုက်ညီသည်ဟု ဆိုနိုင်သည်။ ပြန်စဉ်းစားကြည့်တော့ မိမိဘဝအတွက် ပြည့်စုံမှုဆိုတာတွေကို ရှာသွားခဲ့ခြင်းပင်။

ပထမအဆင့်အနေနှင့် တော်သည်ဟု ဆိုရမည်။ လူဆိုသည်မှာ မည်သူ့ကိုမျှမကူညီ၊ မနှောင့်ယှက်ဘဲ ဘဝတက်လမ်းကို လိမ္မာဖြောင့်မှန်စွာ ရှာသွားလျှင် တော်သည်ဟု ဆိုရမည်။ သို့သော် လူတော်တော်များများသည် မိမိ၏မပြည့်စုံခြင်းကိုသာကြည့်ပြီး ပြည့်စုံလာအောင် ရှန်းကန်ပြီးလျှင် ရပ်ထားကြ၍ ပထမအဆင့်တော်ခြင်းမှာသာရှိပြီး သူတစ်ပါး၏မပြည့်စုံခြင်းကို ကြည့်မြင်တတ်သော ဒုတိယအဆင့်တော်ခြင်းကိုရောက်မလာတတ်ကြပါ။ ဒါလည်း ပုထုဇဉ်လူသားမို့ပါဟု ဆိုသော်ရနိုင်သည်။

ဒါဖြင့် လူဖြစ်လာရခြင်းသည် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်၍ ကိုယ့်ဘာသာပြည့်စုံစွာ နေနိုင်အောင်လုပ်ဖို့ ဖြစ်သွားရပေသည်။ သို့သော် လူတိုင်းလူတိုင်း ပြည့်စုံစွာ မရပ်တည်နိုင်ကြပါ။ ထိုအခါ ပြည့်စုံသူနှင့် ချို့တဲ့သူဟူ၍ လူတန်းစားနှစ်မျိုးပေါ်လာလေသည်။

လူငယ်တွေကို မေးကြည့်ချင်သည်။ သင်က ပြည့်စုံသူတစ်ယောက်ဖြစ်နေလျှင် ချို့တဲ့သူတွေအပေါ် ဘယ်လိုဖြည့်ဆည်းပေးမည်နည်း။ သင်ကချို့တဲ့သူတစ်ယောက်ဖြစ်နေလျှင် ပြည့်စုံသူတစ်ယောက်ဖြစ်အောင်ဘယ်လိုလုပ်မည်နည်း။ သင်ကိုယ်တိုင်က ပြည့်စုံသူ သို့မဟုတ် ချို့တဲ့သူဘယ်လိုလူတန်းစားဖြစ်ချင်သနည်း။

ထိုမေးခွန်းများကို အနှစ်ချုပ်လိုက်လျှင်တော့ **"လူဖြစ်လာပြီ ဘာလုပ်မလဲ"**ဆိုသောမေးခွန်းကို ရရှိလာပါလိမ့်မည်။

မည်သူမဆို ပြည့်စုံသူတော့ဖြစ်ချင်ကြသည်။ သို့သော် ပြည့်စုံစေရန် အကြောင်းတရားများကို ဖြည့်ဆည်းပြီးပါသလား။ လူငယ်များစဉ်းစားစေချင်သည်။

သည်နေ့လမ်းဘေးအုတ်ခုံပေါ်မှာ၊ လက်ဖက်ရည်ဆိုင်မှာ လူငယ်တွေ သာယာနေတတ်ကြသည်။ ဘဝ၏မပြည့်စုံမှုကြောင့် တက်ချင်သော သင်တန်းများ၊ လုပ်ချင်သောအလုပ်များ လုပ်ခွင့်မရပါဟု ဆင်ခြေပေးဦးမည်လား။

မည်သည့်သင်တန်းမျှ မတက်ရလည်း အမှန်တကယ်သင်ကြားပေးမည့် သင်ယူနိုင်သည့် "ဦးနှောက်သင်တန်းက သင်တို့နှင့် နီးနီးမှာရှိပါသည်" ထိုအရာကား တခြားမဟုတ် စာအုပ်ကောင်းများပင်။

ဘယ်သူတွေက ဘယ်သင်တန်းတက်သည်ဆိုတာကို လက်လှမ်းမမီလည်း ကိစ္စမရှိပါ။ မိမိနှင့်သင့်လျော်ရာ အလုပ်တွေမှာဝင်လုပ်ရင်း စာအုပ်များဖြင့် ဘဝတက်လမ်းကို ရှာယူရပါမည်။ ဒါက မိမိကိုယ်မိမိချို့တဲ့ပါသည်ဟု ခံယူထားသူတွေအတွက် ပြောရခြင်းဖြစ်သည်။ ဦးနှောက်မှာ အသိပညာတွေ ချမ်းသာနေသရွေ့ ဘယ်တော့မှ မဆင်းရဲပါ။ စိတ်ဓာတ်ချွတ်ခြုံကျနေမှ အမှန်တကယ် ဆင်းရဲပါလိမ့်မည်ဆိုသည်ကို သိစေချင်ပါသည်။

မပြည့်စုံသူတွေ၊ စိတ်လေလွင့်သူတွေကို ပြောလိုက်၍ ပညာရှာ၊ အလုပ်လုပ် ကြိုးစားသူတွေက ငါတို့တော့မပါဘူးဟု မထင်ပါနှင့်။ သည်နေ့ ပညာရှာသည် အလုပ်လုပ်သည်မှာ အချိန်တန်လျှင် အိမ်ထောင်ပြုဖို့၊ ကိုယ့်ဘာသာရပ်တည်ဖို့ မဟုတ်လား။ အနည်းငယ်ကသာ မိဘကိုသိတတ်ပါလိမ့်မည်။

မိဘကို သိတတ်ပါသည် သို့မဟုတ် မိဘက ပြည့်စုံပြီးသားမို့ပါဆိုလျှင်လည်း မိမိနှင့် သက်ဆိုင်ရာမိသားစု၊ ပတ်ဝန်းကျင်ကောင်းကျိုးကို လူဖြစ်လာကတည်းက မည်ရွေ့မည်မျှ ပါဝင်စွမ်းဆောင်ပြီးပြီလဲဆိုသည်ကို ကိုယ့်ဘာသာမေးကြည့်စေချင်ပါသည်။ ငွေကြေးပြည့်စုံသော မိဘကို ငွေကြေးနှင့်ပြည့်စုံအောင် ထောက်ပံ့စရာမလိုသော်လည်း စိတ်ချမ်းသာအောင်၊ မိဘဂုဏ်တက်အောင်၊ မိသားစု ညီအစ်ကိုမောင်နှမ သိက္ခာရှိအောင် ကြည့်ရှုစောင်မခြင်း၊ မိသားစု၏ ဒုက္ခကိုမိမိဒုက္ခလိုမျှဝေခံစားမှုများ၊ နိုင်သမျှဝန်ကို ထမ်းခြင်းများ မည်မျှလုပ်ခဲ့ပါသနည်း။

မိသားစုအတွက် လုပ်ခဲ့ပါသည်ဆိုလျှင် ပတ်ဝန်းကျင်အတွက် မည်မျှလုပ်ဆောင်ပေးခဲ့ပါသနည်း။ မိမိ လမ်းကလေးပျက်၍ ငွေမတတ်နိုင်သော်မှ လုပ်အားနှင့်ကူခဲ့ပြီးပါပြီလား။ ရပ်ကွက်ထဲက သာရေးနာရေးတွေမှာရောဘယ်နှခါလောက်ဝိုင်းဝန်းကူညီပြီးခဲ့ပြီလဲ။ တစ်ဆင့်တက်ပါဦးမည်။ ပတ်ဝန်းကျင်အတွက် လုပ်ဆောင်ပေးပြီးလျှင်ရော ပြီးပြီပဲဟု မယူဆလိုက်ပါနှင့်။

ကိုယ့်မိသားစု၊ ကိုယ့်ပတ်ဝန်းကျင်အတွက် တတ်နိုင်သမျှ လုပ်ဆောင်ခဲ့သူတွေထဲမှာ မပြည့်စုံဘဲ ဖြည့်ဆည်းခဲ့သူတွေ ပါသလို ပြည့်စုံသူတွေလည်း ပါပါလိမ့်မည်။ သို့သော် ပတ်ဝန်းကျင်ကကျော်၍ လူမှုလောကကို ကြည့်လိုက်သောအခါ မပြည့်စုံသူတွေက မသိယောင်ဆောင်၊ မျက်နှာလွှဲထားတာတွေ၊ မိမိနာမည်ရရေး၊ ကောင်းစားရေး၊ အခွင့်အလမ်းများ ရရှိရေးစသည်တို့ကို တွက်ချက်ကာ ပြည့်သည့်အိုးကို ထပ်ဖြည့်၍ မပြည့်သည့်အိုးကို မျက်နှာလွှဲခဲ့တာတွေလည်း ရှိနေပြန်သေးသည်။

ကျွန်တော်ပြောချင်သည်မှာ လူတစ်ယောက်၏ ဘဝလမ်းကြောင်းမှာ လောကီရေးနှင့်ပတ်သက်ပြီး တကယ့်အနှစ်သာရပြည့်ပြည့် အဓိပ္ပာယ်ရှိရှိနေထိုင်တတ်ဖို့ ပြောပြနေခြင်းမျိုးပါ။ မနိုင်ဝန်တွေ ကြိတ်မှိတ်ထမ်းခိုင်းနေတာမဟုတ်ပါ။ လူမှုလောကတစ်ခုလုံးလိုအပ်ချက်တွေကို မဖြည့်ဆည်းနိုင်၍ စိတ်ဓာတ်ကျစရာမရှိ။ အဓိကက ကျွန်တော်တို့နေထိုင်သော မိသားစု၊ ပတ်ဝန်းကျင်လေး လှပနေဖို့ အဓိကဦးစားပေးရမှာဖြစ်သည်။ လူတွေကိုတော့ ကြည့်ရှုစောင်မပါရဲ့၊ အိမ်ကမိဘကို စိတ်ဆင်းရဲအောင် လုပ်နေပြီဆိုလျှင်လည်း အလကားပင်။ မိသားစု၊ပတ်ဝန်းကျင်လှပနေအောင် လူတိုင်းလုပ်ဆောင်နိုင်လျှင် နေရာတိုင်းလှပနေမည်မဟုတ်လား။ ထို့ထက်ပိုပြီး တတ်နိုင်မှ လူမှုလောကအကျိုးကို သယ်ပိုးရန်အတွက်သာ ဆိုလိုခြင်းမျိုးပါ။

ကျွန်တော်ကတော့ အရွယ်ရောက်စလူငယ်တွေ စိတ်ထဲမှာ လွှမ်းသောအယူအဆတွေဝင်မှာ စိုးရိမ်သည်။ လူငယ်တွေ စိတ်ဓာတ်မလေလွင့်ပါစေနှင့်။ မိမိအရွယ်အလိုက် ဘာလုပ်ရမည်ဆိုသည်ကို သုံးသပ်စေချင်သည်။ ကျောင်းသားအရွယ် ကျောင်းတက်သည်မှာ သဘာဝကျသည်။

စာမျက်နှာ ၈ သို့ ♦

www.facebook.com/themyawadydaily

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# အာဆီယံ၏ ကင်းလွတ်ခွင့်နှင့် အခွင့်အရေးများဆိုင်ရာသဘောတူစာချုပ် အတည်ပြုဝင်ရောက်ခြင်းဖြင့် မြန်မာအမြဲတမ်းကိုယ်စားလှယ်၊ သံအမတ်ကြီးနှင့်ဝန်ထမ်းများ အခွင့်အရေးများရရှိမည်

နေပြည်တော် မေ ၃၁

မြန်မာနိုင်ငံအနေဖြင့် ယခုသဘောတူစာချုပ်ကို အတည်ပြုဝင်ရောက်ခြင်းဖြင့် မြန်မာနိုင်ငံမှ အာဆီယံအတွင်းရေးမှူးချုပ်ရုံးတွင် တာဝန်ပေးစေလွှတ်ခန့်အပ်ထားသည့် အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်၊ သံအမတ်ကြီးနှင့်ဝန်ထမ်းများအနေဖြင့် ၎င်းတို့၏လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် ကင်းလွတ်ခွင့်နှင့် အခွင့်အရေးများရရှိကြမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်က "အာဆီယံ၏ ကင်းလွတ်ခွင့်နှင့် အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်ကို မြန်မာနိုင်ငံမှအတည်ပြုဝင်ရောက်နိုင်ရေး" ကိစ္စနှင့်စပ်လျဉ်း၍ ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ရှင်းလင်းတင်ပြသည်။



နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်။

အာဆီယံ၏ ကင်းလွတ်ခွင့်နှင့်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်ကို ထိုင်းနိုင်ငံ ချာအမ်း-ဟွာဟင်းမြို့တွင် ၂၀၀၉ ခုနှစ် အောက်တိုဘာ ၂၅ ရက်က မြန်မာနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများ လက်မှတ်ရေးထိုးထားကြောင်း သိရသည်။

ထို့ပြင် ဒုတိယဝန်ကြီးက လာအိုနိုင်ငံနှင့် မလေးရှားနိုင်ငံတို့သည်လည်း ယခုစာချုပ်ကို အတည်ပြုနိုင်ရေးအတွက် ပြည်တွင်းလုပ်ထုံးလုပ်နည်းများကို ပြီးစီးအောင်ဆောင်ရွက်နေပါကြောင်း၊ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် အာဆီယံအသိုက်အဝန်းစတင်ပေါ်ပေါက်လာပြီဖြစ်သည်နှင့်အညီ အာဆီယံနိုင်ငံများအနေဖြင့် ၎င်းတို့လက်မှတ်ရေးထိုးထားကြသည့် အာဆီယံဆိုင်ရာသဘောတူစာချုပ်များအနက်မှ အတည်ပြုရန်ရှိသည့်စာချုပ်၊ သဘောတူညီချက်များကိုအတည်ပြုရန် လိုအပ်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည်လည်း အာဆီယံအဖွဲ့ဝင်ဖြစ်သည့်အတွက် အာဆီယံ၏ကင်းလွတ်ခွင့်များနှင့် အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်ကို အတည်ပြုရန်တာဝန်ရှိပါကြောင်း ပြောကြားသည်။

ယခုသဘောတူစာချုပ်ကို အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံအနက် ဘရူနိုင်းဒါရုဆလမ်၊ ကမ္ဘောဒီးယား၊ စင်ကာပူ၊ ထိုင်း၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် ဗီယက်နမ်နိုင်ငံတို့ အတည်ပြုဝင်ရောက်ပြီးဖြစ်ရာ မြန်မာ၊ မလေးရှားနှင့် လာအိုနိုင်ငံတို့သာ အတည်ပြုရန်ကျန်ရှိနေကြောင်း သိရသည်။ (သတင်းစဉ်)

# ပြည်နယ်အဆင့် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

ဘားအံ မေ ၃၁

ကရင်ပြည်နယ် ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ပြည်နယ်အဆင့် ၂၀၁၆ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာထွန်းမင်းက Plain Packaging နှင့် ဆေးလိပ်ထုပ်တွင် သတိပေးရုပ်ပုံနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ရပ်ကွက်နေပြည်သူများက ခင်းကျင်းပြသထားသော အထိမ်းအမှတ်ပြခန်းနှင့် ပညာပေးပိုစတာများကိုကြည့်ရှုကြကြောင်း သိရသည်။

နေမျိုးလွင်

♦ စာမျက်နှာ ၇ ဆောင်းပါးမှအဆက်

စာသင်ခန်းထဲမှာမနေချင်၍ အလုပ်လုပ်သည်။ ဒါလည်း တကယ်လုပ်လျှင် လက်ခံနိုင်သေးသည်။ သို့သော် ကျောင်းသားအရွယ်ဖြစ်လျက် ကျောင်းမတက်၊ အလုပ်လည်း စိတ်မဝင်စားလျှင်တော့ ကိုယ့်ကိုယ်ကိုယ် မေးခွန်းထုတ်သင့်ပါပြီ။ **"လူဖြစ်လာပြီ ဘာလုပ်မလဲ"** ဟု။

တိရစ္ဆာန်ဆိုသည်က "အိပ်၊ စား၊ ကာမ" သုံးမှုသာပြုသည်။ လူက အသိဉာဏ်နှင့် တိုးတက်အောင် စွမ်းဆောင်နိုင်တာသာသည်။ ထိုသို့စွမ်းဆောင်ရာမှာ မိမိကိုယ်ကျိုးသာမဟုတ် မိသားစု၊ ပတ်ဝန်းကျင်၊ လူမှုလောကစသည်ဖြင့် နိုင်သလောက်ကို အပြုစိတ်နှင့်အဖြစ်စိတ်များပေါင်းကာလုပ်ဆောင်နိုင်သည်။ ထိုသို့လုပ်ဆောင်ရင်း ရရှိလာသောကျေနပ်မှုကသာ စစ်မှန်သောကျေနပ်မှုဖြစ်ပြီး ဒုတိယအဆင့် တော်ခြင်းဆိုသည်မှာလည်း ထိုအရာပင်ဖြစ်သည်။ ဒါကပင် လောကီရေးရာမှာ **"လူဖြစ်လာပြီ ဘာလုပ်မလဲ"** ဆိုသောမေးခွန်း၏အနှစ်သာရဟု ကျွန်တော်ကလက်ခံသည်။

သည်နေ့ လောကကြီးထဲမှာ ဘာမှုမည်မည်ရရလုပ်ချင်စိတ်မရှိသူလူငယ်များ၊ ရည်ရွယ်ချက်ရှိပြီး မိမိဘဝအတွက်သာ ကျေနပ်နေသည့်လူငယ်များ၊ ကိုယ့်ဘာသာပြည့်စုံပြီး ပထမအဆင့် တော်ခြင်းမျိုးနှင့်တော်နေသောလူငယ်များ၊ ပြည့်စုံသူဖြစ်စေ၊ မပြည့်စုံသူဖြစ်စေ၊ အလယ်အလတ်တန်းစားဖြစ်စေ စိတ်ထဲမှာကိန်းအောင်းနေစေရန် မေးခွန်းလေးတစ်ခု ကျွန်တော်ထည့်ပေးလိုက်ပါပြီ။

မည်သို့သောပုံစံ (ငွေကြေး၊ လုပ်အား၊ အပြုအမူ၊ အနေအထိုင်) မျိုးဖြင့်ဖြစ်စေ၊ မိမိမိသားစု၊ ပတ်ဝန်းကျင်၊ လူမှုလောကအတွက် ကောင်းသောစေတနာနှင့် ကောင်းစွာကျင့်ကြံပေးဆပ်တတ်မည်ဆိုပါက သင်တို့၏ဘဝလည်း လှပလာမှာဖြစ်သလို သင်တို့နှင့်သက်ဆိုင်ရာပတ်ဝန်းကျင်လည်း လှပလာမည်ဖြစ်ရာ ထိုအခါမှာ ကျွန်တော်တို့၏နိုင်ငံတော်ကြီး လှပနေမှာကိုလည်း မြင်ယောင်မိပါသေးသည်။

ဤသို့ဆိုလျှင် အရွယ်ရောက်ပြီးသူ လူငယ်တိုင်း ယနေ့မှစ၍ ကိုယ့်ကိုယ်ကိုယ် ဆင်ခြင်ကာ **"လူဖြစ်လာပြီ ဘာလုပ်မလဲ"** ဟုသာ မိမိဘာသာ မပြတ်တမ်းမေးနေစေချင်ပါတော့သည်။ ။

● ကျောဖုံးမှအဆက်

နီကိုဘာကျွန်းနားမှာပေါ်တဲ့ ပင်လယ်ခူကို အိန္ဒိယအစိုးရက လုံးဝဖမ်းဖို့ကန့်သတ်ထားခြင်းထားတယ်။ အဲဒါကိုမြန်မာရေလုပ်သားတွေ သွားဖမ်းတာရှိတယ်။ အဲဒီအတွက်မြစ်ဒဏ်နှစ်အလိုက်ကျခံရတာဖြစ်တယ်"ဟု လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းထွန်းဦးကပြောသည်။

အဆိုပါရေလုပ်သားများမှာ မြန်မာနိုင်ငံသားမှန်ကန်ကြောင်း စိစစ်ပြီးသူများဖြစ်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် နှစ်နိုင်ငံညှိနှိုင်းမှုအရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှဦးဆောင်၍ ဆက်စပ်ဝန်ကြီးဌာနများဖြစ်သော ပြည်ထဲရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဒေသများမှ အစိုးရအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နေကိုထိုက်



နွားနို့တိုက်ပါ

ကိုယ်ခန္ဓာဖွံ့ဖြိုးစေဖို့
ကျန်းမာသန်စွမ်းစေဖို့
ဉာဏ်ရည်ဉာဏ်သွေးကောင်းစေဖို့
အသားအရေလှပစေဖို့
ကျောင်းနေအရွယ် သင့်ကလေးကို
နွားနို့တိုက်ပါစို့။

☐ **SSA (ဝမ်ဟိုင်း)အဖွဲ့မှ**

ထိုသို့ရှာဖွေရာတွင် ဦးအိုက်လူ(ဘ)ဦးအိန္ဒြာနှင့် ကောင်းဟော်ကျေးရွာမှ ဦးစံလူ(ဘ)ဦးစံခမ်းတို့နှင့်အတူ ကျေးရွာလူကြီးခြောက်ဦး၊ စုစုပေါင်း ရှစ်ဦးအား ရှမ်းဘာသာဖြင့် ရေးသားထားသော SSA (ဝမ်ဟိုင်း)အဖွဲ့၏ အစည်းအဝေးညွှန်ကြားချက် ၁၆ ချက်ပါစာရွက်၊ စာတမ်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ ဖမ်းဆီးရမိသူများအား စစ်ဆေးခဲ့ရာ ဦးအိုက်လူမှာ SSA (ဝမ်ဟိုင်း)အဖွဲ့၏ အရပ်ဘက်အုပ်ချုပ်ရေးအဖွဲ့ အမှတ်(၁၀)တိုက်နယ်၊ အမှတ်(၁၆)မြို့နယ်၊ အုပ်စု(၂) အဖွဲ့ခွဲ(၁) စာရေးဖြစ်ပြီး ဦးစံလူမှာ အုပ်စု(၂) အဖွဲ့ခွဲ(၁) တာဝန်ခံဖြစ်ကြောင်းသိရှိရပြီး ကျန်ရှိကျေးရွာလူကြီးခြောက်ဦးအား ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)



ဖမ်းဆီးရမိ ဦးအိုက်လူနှင့် ဦးစံလူတို့ကိုတွေ့ရစဉ်။

# ဗုံးသီးဟောင်းများတွေ့ရှိ

နေပြည်တော် မေ ၃၁

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ကုက္ကိုကျေးရွာအုပ်စု၊ ကတက်ပင်ကျေးရွာနေ ဦးညီမောင်နေအိမ်ခြံဝင်းအတွင်း သစ်မြစ်တူးစဉ် အလျား ၁ ပေ လုံးပတ် ၁၀ လက်မ ဗုံးသီး ကိုးလုံး၊ အလျား ၁ ပေ ၅ လက်မ လုံးပတ် ၁ ပေ ၈ လက်မခန့်ရှိ ဗုံးသီး တစ်လုံး၊ စုစုပေါင်း သံချေးတက်ဗုံးသီးဟောင်း ၁၀ လုံးအားတွေ့ရှိသဖြင့် နယ်မြေခံစစ်မြေပြင်အင်ဂျင်နီယာတပ်သို့ စနစ်တကျအပ်နှံပြီး ဗုံးသီးဟောင်းများအား လုပ်ထုံးလုပ်နည်းနှင့်အညီဖောက်ခွဲဖျက်ဆီးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)



ဗုံးသီးဟောင်းများကို တွေ့ရစဉ်။

ပြည်သူ့လွှတ်တော် အစည်းအဝေး

# ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု ထိရောက်လုံလောက်စေရန် ပြည်သူ့ကျန်းမာရေးဦးစီးဌာနကို တိုးချဲ့ပြင်ဆင်ဖွဲ့စည်းသင့်ကြောင်းအဆိုကို လက်ခံဆွေးနွေးရန် သဘောတူ

နေပြည်တော် မေ ၃၁

မြန်မာနိုင်ငံအနေဖြင့် ကာကွယ်ခြင်းလုပ်ငန်းထက် ကုသခြင်းလုပ်ငန်းကိုပိုမိုအလေးထားဆောင်ရွက်သည်ကိုတွေ့ရကြောင်း၊ ၂၀၁၄ ခုနှစ်တွင် ဆေးရုံပေါင်း ၉၀၀ ကျော်ရှိခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ဆေးရုံပေါင်း ၁၂၀၀ နီးပါး တိုးတက်လာခဲ့ကြောင်း၊ သို့သော်လည်း ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အထိ သူနာပြုသားဖွားသင်တန်းကျောင်း ၄၆ ကျောင်းသာရှိခဲ့ကြောင်း ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအေဇင်လတ်က ယနေ့ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ဆွေးနွေးပြောကြားသည်။

"ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပြည်သူလူထုအားထိရောက်လုံလောက်စွာပေးနိုင်ရန် ပြည်သူ့ကျန်းမာရေးဦးစီးဌာနကို တိုးချဲ့ပြင်ဆင်ဖွဲ့စည်းသင့်ကြောင်း" ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုတင်သွင်းစဉ် ထိုသို့ပြောကြားခြင်းဖြစ်ပြီး အဆိုကိုလွှတ်တော်က လက်ခံဆွေးနွေးရန်သဘောတူခဲ့သည်။

ထို့ပြင် အဆိုရှင်က ကျောင်းကျန်းမာရေးဌာနများမှာ ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အထိဌာန ၈၀ သာရှိသည့်အတွက် မိမိတို့နိုင်ငံ၏အနာဂတ်တွင် အရေးကြီးလှသည့် ကျောင်းကျန်းမာရေးကဏ္ဍသည် မြို့နယ်တိုင်းရှိရမည်ဖြစ်သော်လည်း လေးပုံ တစ်ပုံသာရှိပါကြောင်းပြောကြားပြီး ကုသခြင်းထက် ကာကွယ်ခြင်းက ပိုမိုထိရောက်ကြောင်း ထောက်ပြဆွေးနွေးသည်။

အစည်းအဝေးတွင် လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာခင်စည်သူ၏ **တယားပြည်နယ် လှိုင်ကော်မြို့နယ် လောပီတကျေးရွာအုပ်စုနှင့် မထောခုကျေးရွာအုပ်စုများ ပြည့်စုံစွာလျှပ်စစ်**



ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအေဇင်လတ်။



ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း။

**မီးရရှိရေးအတွက် ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိ စက်ရုံတည်ဆောက်စဉ် ၁၉၆၀ ပြည့်နှစ်မှ ယခုအထိ မီးလင်းရန်ခိုက်ထူးအသုံးပြုထားသောသစ်သားဓာတ်တိုင်များကို တွန်ကရစ်တိုင်အဖြစ် အစားထိုးပေးရန် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းက ကယားပြည်နယ် လှိုင်ကော်မြို့နယ် ဘီလူးချောင်းဓာတ်အားပေးစက်ရုံအနီး လောပီတကျေးရွာအုပ်စု ၁၉ ရွာနှင့် မထောခုကျေးရွာအုပ်စု ကျေးရွာ တိုးရွာကို ၁၉၆၀ ပြည့်နှစ်မှစပြီး ဓာတ်အားပေးလျက်ရှိပါကြောင်း၊ တိုးချဲ့နေရာများ လျှပ်စစ်ဓာတ်အားပေးနိုင်ရန်အတွက် ၄၀၀ ဗို ဓာတ်အားလိုင်း ပေ ၂၇၉၆၀ အသစ်တိုးချဲ့တည်ဆောက်ပေးရန် လိုအပ်ပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဇရပ်ဖြူနှင့် ရေနီကန်ကျေးရွာ နှစ်ရွာအတွက် ၄၀၀ ဗို ဓာတ်အားလိုင်း ပေ ၉၇၆၀ တိုးချဲ့တည်ဆောက်ရန် ပြည်နယ်အစိုးရဘတ်ဂျက်တွင် လျာထားပြီး တင်ဒါခေါ်ဆိုရန်စီစဉ်လျက်ရှိပါကြောင်း။

ထို့ပြင် ၄၀၀ ဗို့ဓာတ်အားလိုင်း ၁၈၂၀၀ ပေနှင့် အစားထိုးလဲလှယ်ရန် သစ်သားတိုင် ၅၈၃ တိုင်တို့အား ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရ ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်းတောင်းခံ ဆောင်ရွက်သွားရန် ညှိနှိုင်းသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက်၏ **ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်အတွင်း၌ လျှပ်စစ်မီးပြတ်တောက်နေမှုများ၊ လျှပ်စစ်ဓာတ်အားပြည့်ဝစွာမဖြန့်ဖြူးနိုင်ခြင်းများကို မည်ကဲ့သို့စီစဉ်ဆောင်ရွက်ထားသည်၊ လျှပ်စစ်မီးပြတ်တောက်သည့်အခါ၌လည်း အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးနိုင်ခြင်း ရှိ/မရှိ၊ ပုဂ္ဂလိကကုမ္ပဏီကို လွှဲပြောင်းထားသည်ကို အများပြည်သူများသိရှိရန် သတင်းထုတ်ပြန်ပေးနိုင်ခြင်း ရှိ/မရှိနှင့် ၎င်းပုဂ္ဂလိကကုမ္ပဏီများ၏ တာဝန်ယူမှု တာဝန်ခံမှုများကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းက ကျောက်တံတားမြို့နယ်ကို ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(YESC) ကိုယ်စား ဓာတ်အားဖြန့်ဖြူးခြင်းလုပ်ငန်းများဆောင်ရွက်ရန် အာကာစိုးကုမ္ပဏီလီမိတက်က ၂၀၁၅ ခုနှစ် မေလမှစတင်၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ လုပ်ကိုင်ခွင့်ရသည့် ကုမ္ပဏီများ၏တာဝန်မှာ ပြည်သူများအားလျှပ်စစ်ဗို့အားပြည့်ဝစွာ ဓာတ်အားစဉ်ဆက်မပြတ်ရရှိရေး၊ ဓာတ်အားလိုင်းများထိန်းသိမ်းပြုပြင်ခြင်း၊ အသစ်တည်ဆောက်ခြင်း၊ တိုးချဲ့ခြင်း လုပ်ငန်းများအားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

စာချုပ်အရ ကုမ္ပဏီမှတာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းများအနက် အဓိကအချက်အနေဖြင့် နှစ်စဉ် ငါးနှစ် စီမံကိန်းများရေးဆွဲ၍ ရင်းနှီးမြှုပ်နှံခြင်း၊ ဓာတ်အားသုံးစွဲမှုဝန်အား တိုးတက်လာခြင်းကို အချိန်မီပံ့ပိုးနိုင်ရေးစီစဉ်ဆောင်ရွက်ခြင်း၊ ဓာတ်အားပြတ်တောက်မှုဖြစ်ပေါ်ပါက အမြန်ဆုံးဓာတ်အားပို့လွှတ်နိုင်ရေးစီစဉ်ဆောင်ရွက်ခြင်း၊ ကုမ္ပဏီအနေဖြင့်စာချုပါ စည်းကမ်းချက်များ ဖောက်ဖျက်ပါက စာချုပ်ရပ်စဲမည်ဖြစ်ပြီး စာချုပ်ရပ်စဲသည့်အခါ ဆောင်ရွက်ဆဲလုပ်ငန်းတစ်ရပ်လုံးကို တန်ဖိုးရယူခြင်းမပြုဘဲ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (YESC)သို့ အပြီးအပိုင်လွှဲပြောင်းပေးရန်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနမှလည်းကုမ္ပဏီအား ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်းက **ရေနံလက်ယက်တွင်းလုပ်ငန်းများက ဒေသဖွံ့ဖြိုးရေးအတွက် ထည့်ဝင်ခဲ့သော ငွေကျပ် ၂ ဒသမ ၈ ဘီလီယံခန့်ရှိကြောင်း၊ ယင်းရန်ပုံငွေများကို အစိုးရအဖွဲ့သစ်သို့ လွှဲ/ မလွှဲနှင့် လွှဲခဲ့သည်ဆိုပါက မည်သည့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း အမျိုးအစားများ လုပ်ကိုင်မည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းက မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ဖြေကြားရာတွင် ရေနံလက်ယက်တွင်းလုပ်ငန်းရှင်များမှ ငွေကျပ် ၂ ဒသမ ၈ ဘီလီယံခန့် ဒေသဖွံ့ဖြိုးရေးအတွက် ရန်ပုံငွေထည့်ဝင်ခဲ့သည်ကို သိရှိရပါကြောင်း။

ယခင်အစိုးရအဖွဲ့အနေဖြင့် ရန်ပုံငွေမည်မျှရရှိ၍ မည်ကဲ့သို့သုံးစွဲခဲ့သည်ကို ယခုအချိန်ထိ မသိရှိရသေးပါကြောင်း၊ အသေးစိတ်ခိုင်လုံသော အချက်အလက်များရရှိရေး ဆက်လက်စုံစမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ယခင်မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ လုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်းတွင် တစ်စုံတစ်ရာ ဖော်ပြထားခြင်းမရှိပါကြောင်း၊ ရေနံလက်ယက်တွင်းလုပ်ငန်းရှင်များမှ ဒေသဖွံ့ဖြိုးရေးအတွက် ရန်ပုံငွေထည့်ဝင်ခဲ့သည့် ငွေကြေးနှင့်စာရင်းဇယားတို့ကို လွှဲအပ်ခဲ့ခြင်းမရှိသဖြင့်ထည့်ဝင်ငွေများနှင့်ပတ်သက်၍ မည်သည့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းကိုမျှဆောင်ရွက်ပေးနိုင်မည်မဟုတ်ကြောင်း ဖြေကြားသည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

# ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေကြမ်း ဖြည့်စွက်ပြင်ဆင်အတည်ပြု

နေပြည်တော် မေ ၃၁

**ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေကြမ်း**ကို ယနေ့ကျင်းပသည့်အစည်းအဝေးတွင် အမျိုးသားလွှတ်တော်က ပြင်ဆင်ခြင်း၊ အသစ်ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းများပြုလုပ်၍ အတည်ပြုလိုက်သည်။

ယခုအတည်ပြုလိုက်သည့် ဥပဒေကြမ်း၏ အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်အခန်းတွင် "ငြိမ်းချမ်းစွာစုဝေးခြင်းဆိုသည်မှာ ဤဥပဒေနှင့်အညီ အများပြည်သူဆိုင်ရာနေရာတွင် မိမိသဘောထားဆန္ဒကို ဖော်ပြရန်အလို့ငှာ နိုင်ငံသားများကဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ရပ်ကဖြစ်စေ လက်နက်မပါဘဲ ငြိမ်းချမ်းစွာရောက်ရှိခြင်း၊ ဟောပြောခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင် နိုင်ငံသားတစ်ဦးချင်းအနေဖြင့် အလားတူ ဆောင်ရွက်ခြင်းလည်းပါဝင်သည်" ဟူသောစကားရပ်ဖြင့် ပြင်ဆင်အတည်ပြုသည်။

ဥပဒေကြမ်း၏ အသိပေးတင်ပြခြင်းအခန်းတွင် အပိုဒ် ၃ ကို "ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း အခွင့်အရေးတို့ကို သုံးစွဲဆောင်ရွက်လိုသောနိုင်ငံသားများ သို့မဟုတ် အဖွဲ့အစည်းများသည် မိမိသဘောထားဆန္ဒကို ဖော်ပြရန်အလို့ငှာ အောက်ပါအချက်များပါရှိသော အသိပေးတင်ပြချက်ကို သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူးထံ ယင်းသို့ဆောင်ရွက်မည့်နေ့မတိုင်မီ အနည်းဆုံး ၄၈ နာရီကြိုတင်၍ စာဖြင့်ပေးပို့တင်ပြရမည်။ စီတန်းလှည့်လည်ရာတွင် ဖြတ်သန်းလိုသည့်မြို့နယ်များရှိပါက သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူးများထံ ၄၈ နာရီကြိုတင်၍ အသိပေးတင်ပြချက်မိတ္တူကိုပေးပို့ရမည်" ဟု ပြင်ဆင်အတည်ပြုခဲ့သည်။

ထို့ပြင် ဥပဒေကြမ်း၏စည်းကမ်းသတ်မှတ်ချက်များအခန်း အပိုဒ် ၉ တွင် လူသားအချင်းချင်းမတူကွဲပြားမှုကြောင့် ခွဲခြားနှိမ့်ချခြင်း၊ ဂုဏ်သိက္ခာညှိုးနွမ်းစေခြင်းတို့ကို ရည်ရွယ်သောအပြုအမူ အပြောအဆိုတို့ကိုမပြုလုပ်ရ၊ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းတို့ပြုရာတွင် သူတစ်ဦးဦးအား ငွေကြေး သို့မဟုတ် ပစ္စည်းတစ်စုံတစ်ရာပေး၍ ပါဝင်စေခြင်း၊ ငွေကြေး သို့မဟုတ် ပစ္စည်းတစ်စုံတစ်ရာလက်ခံ၍ ပါဝင်ခြင်းတို့ မပြုလုပ်ရ၊ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းတို့ပြုရာတွင် သူတစ်ဦးဦးအားပါဝင်စေရန်ခြိမ်းခြောက်ခြင်း၊ အတင်းအကျပ်ပြုခြင်း၊ အနိုင်အထက်ပြုခြင်း၊ မလျော်ဩဇာသုံးခြင်းတို့ မပြုလုပ်ရ၊ ဤဥပဒေပါ စည်းကမ်းချက်များနှင့် ဒေသဆိုင်ရာလိုအပ်ချက်နှင့်အညီ တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများမှ ကြိုတင်သတ်မှတ်ထားသော စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမပြုရစသည့် ဖြည့်စွက်ချက်များကို ထည့်သွင်းအတည်ပြုခဲ့သည်။

ထို့အတူ စည်းကမ်းသတ်မှတ်ချက်များအခန်းတွင် အပိုဒ် ၁၀ အဖြစ် "ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းပြုသူများသည် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းတို့ပြုရာတွင် မည်သည့်လက်နက်တစ်မျိုးမျိုးကိုမျှ ကိုင်ဆောင်ခြင်းမပြုရ၊ လက်နက်တစ်စုံတစ်ရာဖြင့် သူတစ်ဦးဦးအား ဘေးအန္တရာယ်ဖြစ်စေခြင်း သို့မဟုတ် အကြမ်းဖက်တိုက်ခိုက်ခြင်း မပြုရ" ဟု အသစ်ဖြည့်စွက်အတည်ပြုခဲ့သည်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း။

ဥပဒေကြမ်း၏ အရေးယူဆောင်ရွက်ခြင်းအခန်းတွင်လည်း အပိုဒ် ၁၂ ကို "ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းတို့ကို ဥပဒေနှင့်အညီ ဆောင်ရွက်နေသူတို့အား နှောင့်ယှက်ခြင်း၊ ဖျက်ဆီးခြင်း၊ စိတ်ငြိုငြင်စေခြင်း၊ လက်ရောက်မှုကျူးလွန်ခြင်း၊ အနိုင်အထက်ပြုခြင်း သို့မဟုတ် ဟန့်တားခြင်း မပြုနိုင်စေရန်လည်းကောင်း၊ ဘေးအန္တရာယ်မဖြစ်စေရန်လည်းကောင်း ဒုတိယရဲအုပ်အဆင့်ထက်မနိမ့်သော ရဲအရာရှိ ဦးဆောင်သည့် ရဲတပ်ဖွဲ့က လိုအပ်သောကာကွယ်စောင့်ရှောက်မှုများကို ဆောင်ရွက်ရမည်။" ဟု ပြင်ဆင်အတည်ပြုခဲ့သည်။

ပြစ်မှုနှင့် ပြစ်ဒဏ်များအခန်းတွင် အပိုဒ် ၁၈ ကို "မည်သူမဆို ပုဒ်မ ၃ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာသို့ အသိပေးတင်ပြခြင်းမရှိဘဲ ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။ ယင်းပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။" ဟု ပြင်ဆင်အတည်ပြုသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးဖြစ်သည့် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းတို့ကို သုံးစွဲဆောင်ရွက်ခွင့်ရရှိစေရန်နှင့် ယင်းတို့အား ဥပဒေအရ အကာအကွယ်ပေးရန်၊ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း အခွင့်အရေးတို့ကို သုံးစွဲဆောင်ရွက်သူများကြောင့် အများပြည်သူအားအနှောင့်အယှက်ဖြစ်စေခြင်း၊ ဘေးအန္တရာယ်ဖြစ်စေခြင်း၊ ထိခိုက်နစ်နာစေခြင်းနှင့် အဟန့်အတားဖြစ်စေခြင်းတို့မှ ကာကွယ်ရန်အတွက် ယခုဥပဒေကို ပြဋ္ဌာန်းခြင်းဖြစ်ကြောင်း ယင်းဥပဒေကြမ်း၏ နိဒါန်း၌ဖော်ပြထားသည်။

(သတင်းစဉ်)

www.facebook.com/themyawadydaily



# ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်ကြော်ငြာစာ**
**အမှတ်၊ ၂၃/၂၀၁၆**
၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်
(၂၀၁၆ ခုနှစ်၊ မေလ ၃၀ ရက်)

**ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီဖွဲ့စည်းခြင်း**

ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် **"ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေးအကောင်အထည်ဖော်ရေးဗဟိုကော်မတီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (၁) | နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် | ဥက္ကဋ္ဌ |
| (၂) | ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဝန်ကြီးချုပ်<br>ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | ဒုတိယဥက္ကဋ္ဌ |
| (၄) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၂) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၃) | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၄) | ပြည်ထောင်စုဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၅) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၆) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
အလွန်ရှားပါးပြီး ဟိမဝန္တာတောင်၌ ကျက်စားသော Niloticus မျိုးစိတ်ဝင် မိကျောင်း၏သားရေကို အဖြူရောင်စိန်များဖြင့် အလှဆင်ထားသည့် အဆိုပါလက်ကိုင်အိတ်အားအမည်မဖော်လိုသူတစ်ဦးက မေ ၃၀ ရက် နှောင်းပိုင်းတွင် အမေရိကန်ဒေါ်လာ ၂၉၈၆၅၅ ဖြင့် တန်ကြေးပေး၍ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း Christie's လေလံကုမ္ပဏီကပြောကြားသည်။

ယခုရောင်းချနိုင်ခဲ့သည့် လက်ကိုင်အိတ်သည် လေလံပွဲ၌ယခင်ကရောင်းချခဲ့သည့် လက်ကိုင်အိတ်စျေးနှုန်းများကို ကျော်ဖြတ်ကာ ကမ္ဘာ့စျေးအကြီးဆုံးအိတ်အဖြစ် စံချိန်သစ်တင်နိုင်ခဲ့ခြင်းဖြစ်ကြောင်းနှင့်၎င်းလက်ကိုင်အိတ်အားတီထွင်သူသည် ရင်းနှီးမြုပ်နှံမှုများစွာဖြင့်၎င်းအိတ်အား ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်ကို တွေ့ရှိခဲ့ရသည့်အပြင် ဝယ်ယူစုဆောင်းသူအတွက်လည်းနောက်ဆုံးပေါ်လက်ကိုင်အိတ်ဖြစ်ကြောင်း ဟောင်ကောင်အခြေစိုက် Christie's လေလံကုမ္ပဏီမှပြောရေးဆိုခွင့်ရှိသူ ဘင်ဂဲလ်လီ က AFP သတင်းဌာနသို့ ပြောကြားထားသည်။

***Ref: NDTV***



# ဂျပန်နိုင်ငံသို့ ကူရိုင်းကျွန်းများအား ပေးအပ်မည်မဟုတ်ဟု ရုရှားအခိုင်အမာပြောကြား

မော်စကို မေ ၃၁

ဂျပန်နိုင်ငံသို့ ကူရိုင်းကျွန်းများအားပေးအပ်ရန် အစီအစဉ်မရှိကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဆာဂျီလက်ဗ်ရော့ဗ်က မေ ၃၁ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့ပြင် ငြိမ်းချမ်းရေးသဘောတူညီမှုရရှိရန်အတွက်လည်း ဂျပန်အစိုးရအား တောင်းဆိုသွားမည်မဟုတ်ကြောင်း လက်ဗ်ရော့ဗ်က ရုရှားနိုင်ငံ၏ Komsomolskaya Pravda သတင်းဝက်ဘ်ဆိုက်နှင့် ပြုလုပ်သော တွေ့ဆုံမေးမြန်းခန်းတစ်ခုအတွင်း ပြောကြားသည်။

ရုရှားနှင့် ဂျပန်နှစ်နိုင်ငံသည် ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ကျွန်းလေးကျွန်းနှင့် ပတ်သက်၍ ပိုင်နက်အငြင်းပွားနေပြီး သဘောထားတင်းမာလျက်ရှိသည်။ အဆိုပါကျွန်းများကို ရုရှားအစိုးရက တောင်ပိုင်းကူရိုင်းကျွန်းများဟု မှည့်ခေါ်ပြီး ဂျပန်အစိုးရကမူ နိုင်ငံ၏ မြောက်ပိုင်းပိုင်နက်အဖြစ် သတ်မှတ်ခဲ့သည်။

ဒုတိယကမ္ဘာစစ်ပြီးကတည်းက ယင်းကိစ္စနှင့်စပ်လျဉ်း၍ ငြိမ်းချမ်းရေးသဘောတူစာချုပ်ချုပ်ဆိုရန် နှစ်ဖက်စလုံးက ငြင်းဆန်ခဲ့ကြသည်ဟု သိရသည်။

***Ref: Xinhua***

# ထိုင်းနိုင်ငံရှိ Tiger Temple ဘုန်းကြီးကျောင်းမှ ကျားများကို တိရစ္ဆာန်ရုံသို့ပြောင်းရွှေ့ပေး

ဗန်ကောက် မေ ၃၁

ထိုင်းနိုင်ငံသားရဲတိရစ္ဆာန်ထိန်းသိမ်းရေးဌာနမှ တာဝန်ရှိသူများသည် သားရဲတိရစ္ဆာန်များ တရားမဝင်ရောင်းဝယ်နေသည်ဟု သတင်းများထွက်ပေါ်နေခဲ့သော Tiger Temple ဟုတင်စားခံရသည့် ဘုန်းကြီးကျောင်းတစ်ကျောင်းကို ဝင်ရောက်စီးနင်းခဲ့ပြီး ကျားခုနစ်ကောင်ကို တိရစ္ဆာန်ရုံသို့ ပြောင်းရွှေ့ပေးခဲ့ကြောင်း သိရသည်။

ဗန်ကောက်မြို့အနောက်ဘက် ကန်ချာနာဘူရီပြည်နယ်အတွင်းရှိ အဆိုပါဘုန်းကြီးကျောင်းတွင် ကျားအကောင်ရေ ၁၀၀ ကျော်ရှိပြီး ယင်းဘုန်းကြီးကျောင်းသို့ ကမ္ဘာလှည့်ခရီးသွားများက စိတ်ဝင်တစားလာရောက်လည်ပတ်ကြပြီး ကျားများနှင့် ဓာတ်ပုံများတွဲရိုက်ခြင်း၊ လေ့လာခြင်းများကို ပြုလုပ်လျက်ရှိသည်။

စပ်ပါလျန်တာမဟာဘူအာယန်နာဆမ်ပန်နို (Tiger Temple) အမည်ရှိ အဆိုပါဘုန်းကြီးကျောင်းက ၎င်းတို့၏ ဘုန်းကြီးကျောင်းသည် သားရဲတိရစ္ဆာန်များထားရှိရာ ဘေးမဲ့တောတစ်ခုဖြစ်ကြောင်း ကြေညာထားသော်လည်း မကြာသေးမီနှစ်ပိုင်းအတွင်းက သားရဲတိရစ္ဆာန်များ တရားမဝင်ရောင်းဝယ်ခြင်း၊ တိရစ္ဆာန်များအား နှိပ်စက်ညှဉ်းပန်းခြင်းတို့ကိုပြုလုပ်လျက်ရှိကြောင်း သတင်းများထွက်ပေါ်ခဲ့သည်။

သို့သော် ယင်းသတင်းများနှင့်ပတ်သက်၍ ဘုန်းကြီးကျောင်းမှတာဝန်ရှိသူများက ငြင်းဆိုထားသည်။

သားရဲတိရစ္ဆာန်ထိန်းသိမ်းရေးဌာနမှ တာဝန်ရှိသူများသည် မေ ၃၀ ရက်က တရားရုံးမှထုတ်ပြန်သည့် ဖမ်းဝရမ်းရရှိပြီးနောက် နာရီပိုင်းအတွင်း ၎င်းဘုန်းကြီးကျောင်းကို ဝင်ရောက်စီးနင်းခဲ့ခြင်းဖြစ်ပြီး အဆိုပါဘုန်းကြီးကျောင်းမှ ကျားများကို မေ့ဆေးပေး၍ တိရစ္ဆာန်ရုံသို့ပို့ဆောင်ရန်ခေါ်ဆောင်သွားခဲ့ခြင်းဖြစ်ကြောင်း အမျိုးသားပန်းခြံမှ လက်ထောက်ညွှန်ကြားရေးမှူးချုပ် အက်ဒစ်ဆွန်နက်ဒမ်ရောင်က ပြောကြားသည်။

***Ref: The Guardian, The atlantic***

www.facebook.com/themyawadydaily

www.facebook.com/themyawadydaily



# ပွင့်လင်းမြင်သာပြုပြင်စရာ မှန်မှန်ကန်ကန်ရပ်တည်မည် လူထုကြားကမြဝတီ

## မီးကြိုးများပေါ်သို့လဲကျနေသော ကွန်ကရစ်တိုင်အားပြုပြင်ပေးစေလို



ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်း ကားလမ်းဘေးရှိ ဖုန်းကြိုးများသွယ်တန်းထားသော ကွန်ကရစ်တိုင်သည် အောက်ခြေရင်းမှ ပြတ်၍ ကားလမ်းဘေးရှိ လျှပ်စစ်မီးကြိုးများပေါ် သို့လဲကျကာ ကားလမ်းမပေါ် သို့ယိုင်ကျနေပါသည်။

ထိုသို့ မီးကြိုးများပေါ် လဲကျနေခြင်းကြောင့် လမ်းသွားလမ်းလာများ၊ မော်တော်ယာဉ်မောင်းနှင်သူများအသက်အန္တရာယ်ဖြစ်ပေါ် နိုင်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ကွန်ကရစ်တိုင်ကို ပြန်လည်ပြုပြင်ပေးပါရန် သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ မြဝတီသတင်းစာ၏ ပွင့်လင်းမြင်သာပြုပြင်စရာကဏ္ဍမှတစ်ဆင့် အသိပေး တင်ပြအပ်ပါသည်။

**အမြင်မတော်သူတစ်ဦး**

## WY စာတန်းပါစိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ **မှုခင်းသတင်း**

မြိတ် မေ ၃၁

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ မြစ်ငယ်ရပ်ကွက် ဖိုးသာအောင်ခြံအထဲလမ်း အိမ်အမှတ်(၅၄)၌ ယမန်နေ့ ညနေ ၅ နာရီခွဲက မူးယစ်ဆေးဝါးများသိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြိတ်မြို့မရဲစခန်း အမှတ်(၂) နယ်မြေရဲကင်းမှ ဒုတိယရဲအုပ်ကျော်ဆန်းဦးနှင့် ရဲတပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးများလက်ဝယ်ထားရှိရောင်းချသုံးစွဲနေကြောင်း သတင်းအရ သွားရောက်ရှာဖွေဖမ်းဆီးရာ မြစ်ငယ်ရပ်ကွက် ဖိုးသာအောင်ခြံအထဲလမ်း အိမ်အမှတ်(၅၄)နေ အောင်အောင်ဦးကို တွေ့ရှိရပြီး ၎င်းယာဘက်လက်တွင် ကိုင်ထားသော အမည်းရောင်ကြွပ်ကြွပ်အိတ်အထုပ်တစ်ထုပ် ခြံဝင်းအနီးပစ်ချလိုက်သည်ကိုတွေ့မြင်ရ၍ အထုပ်ရှိရာနေရာသို့ သက်သေများနှင့်အတူရှာဖွေရာ အမည်းရောင်ကြွပ်ကြွပ်အိတ်အတွင်း WY စာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြားများ တွေ့ရှိရပြီး ၎င်းဝတ်ဆင်ထားသော အနက်ရောင်ဂျင်းပျော့ဒူးဖုံးဘောင်းဘီ ယာဘက်အရှေ့အိတ်ကပ်အတွင်းမှ WY စာတန်းပါ စိတ်ကြွဆေးပြား စုစုပေါင်း ၁၀၇၅ ပြား စုစုပေါင်းအလေးချိန် သုည ဒသမ ၁၀၇၅ ကီလိုဂရမ် စုစုပေါင်းတန်ဖိုးငွေကျပ် ၅၃သိန်းခန့်ကို သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တာဝန်ရှိသူများက အောင်အောင်ဦးကိုစစ်မေးရာ လွန်ခဲ့သော ၁၀ ရက်ခန့်က မြိတ်မြို့ ကန်ခေါင်းရပ်ကွက် မြန်နန္ဒာလမ်း၌နေထိုင်သော အာလဖတ်(ခ)သော်ဇင်လတ်ဆိုသူထံမှ ဝယ်ယူရရှိကြောင်း ထွက်ဆိုသဖြင့်ယမန်နေ့ ညနေ ၆ နာရီခွဲက သော်ဇင်လတ်၏နေအိမ်ကို သက်သေများနှင့်အတူဝင်ရောက်ရှာဖွေရာ သော်ဇင်လတ်အား ၎င်း၏နေအိမ်၌ တွေ့ရှိရပြီး ပူးပေါင်းဆောင်ရွက်သူအဖြစ် ဖမ်းဆီးခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါးများကို လက်ဝယ်ထားရှိရောင်းချသုံးစွဲပူးပေါင်းဆောင်ရွက်သူ အောင်အောင်ဦးနှင့် သော်ဇင်လတ်တို့ကို မြိတ်မြို့မရဲစခန်းက ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **နိုင်ထူး**

## မော်တော်ယာဉ်က ဆိုင်ကယ်ကို နောက်မှဝင်ရောက်ပွတ်တိုက်မိပြီး မောင်းနှင်ထွက်ပြေး

ပုသိမ် မေ ၃၁

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် သဲဖြူကျေးရွာအနီး ပုသိမ်-ငွေဆောင်ကားလမ်း မိုင်တိုင်အမှတ်(၅/၂) နှင့် (၅/၃) ကြား၌ ယမန်နေ့ မွန်းလွဲပိုင်းက မော်တော်ယာဉ်တစ်စီးက ဆိုင်ကယ်ကို နောက်မှဝင်ရောက်ပွတ်တိုက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပုသိမ်မြို့ဘက်မှ ငွေဆောင်မြို့ဘက်သို့ ငပုတောမြို့နယ် သဲဖြူကျေးရွာအုပ်စု အုတ်ဖိုကျေးရွာနေ(ဘ) ဦးလှအေး၏သား ဦးကျော်နိုင်စိုး ၄၁ နှစ် မောင်းနှင်ပြီး နောက်တွင် တစ်ရွာတည်းနေ(ဘ) ဦးကံချွန်၏သား ဦးချစ်အေး ၅၃ နှစ်နှင့် (ဘ) ဦးနေမျိုးနိုင်၏သမီး မအိမ့်မှူးချယ် ခုနစ်နှစ်တို့ စီးနင်းလိုက်ပါလာသော ယာဉ်အမှတ် ၃၅ယ/----Luojia 110 အနက်ရောင်ဆိုင်ကယ်ကို လားရာတူသို့ နောက်မှယာဉ်မောင်း(စိစစ်ဆဲ) မောင်းနှင်လာသော မော်တော်ယာဉ်(စိစစ်ဆဲ၊ ယာဉ်အမှတ်မမှတ်မိ) အဖြူရောင်(အိမ်စီး) မော်တော်ယာဉ်တစ်စီးက ဝင်ရောက်ပွတ်တိုက်မိသဖြင့် ဆိုင်ကယ်မှာ တိမ်းမှောက်သွားခဲ့ပြီး မော်တော်ယာဉ်မှာ မောင်းနှင်ထွက်ပြေးသွားသည်။

ယာဉ်တိုက်မှုကြောင့် မအိမ့်မှူးချယ်တွင် ထိခိုက်ဒဏ်ရာရရှိမှုမရှိသော်လည်း ဦးကျော်နိုင်စိုးတွင် ဝဲခြေသလုံးနာကျင်ဒဏ်ရာ၊ ဝဲခြေဖျားနာကျင်ဒဏ်ရာ(မစိုးရိမ်ရ)၊ ဦးချစ်အေးတွင် ဝဲဒူးနှင့် ခြေဖျားနာကျင်ဒဏ်ရာ (မစိုးရိမ်ရ)တို့ ရရှိခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း(စိစစ်ဆဲ)အား သလပ်ခွာနယ်မြေရဲစခန်းက ယာဉ်(ပ)၂၂/၂၀၁၆၊ ပြစ်မှုပုဒ်မ ၃၃၇/၂၇၉/၂၀၂ ဖြင့် အမှုဖွင့်၍ ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၄၀၇)**

## ပင်လည်ဘူးမြို့နယ်၌ အမျိုးသမီးတစ်ဦးမိုးကြိုးထိမှန်သေဆုံး

ပင်လည်ဘူး မေ ၃၁

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့နယ် ကညင်ကုန်းကျေးရွာအုပ်စု သာစည်ကျေးရွာ၏ အနောက်ဘက်နှစ်ဖာလုံခန့်အကွာရှိ လယ်ကွင်းအတွင်း၌ ယမန်နေ့ နံနက် ၁၀ နာရီခွဲက အမျိုးသမီးတစ်ဦး မိုးကြိုးထိမှန်သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကညင်ကုန်းကျေးရွာနေ ဦးဘဆင်း၏သမီး ဒေါ်မီချိန် ၄၈ နှစ်သည် ခင်ပွန်းဖြစ်သူ ဦးမောင်လှနှင့်အတူ လယ်ထွန်နေပြီး လယ်ကန်သင်းရိုး၌ ခေတ္တနားနေစဉ် ရုတ်တရက်မိုးရွာသွန်းပြီး မိုးကြိုးပစ်ချသဖြင့် ဒေါ်မီချိန်မှာ အရေပြားပွန်းပဲ့၊ ဆံပင်မီးကျွမ်း၊ နှာခေါင်း၊ နားသွေးထွက်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ပင်လည်ဘူးမြို့ မြို့မရဲစခန်းက ဒေါ်မီချိန်သေဆုံးမှုကို သေမှုသေခင်းအမှတ်စဉ်(၁၁/၂၀၁၆)အရ အမှုဖွင့်ဆောင်ရွက်ထားကြောင်း သတင်းရရှိသည်။ **(၄၀၉)**

## ပွင့်လင်းမြင်သာပြုပြင်စရာ မြဝတီကိုပို့လိုက်ပါ

မြဝတီသတင်းစာသည် ပြည်သူလူထုကောင်းကျိုးအတွက် ပွင့်လင်းမြင်သာမှုရှိစွာဖြင့် ပြုပြင်စေလိုသည့်ကိစ္စရပ်များအား ပေါင်းကူးသဖွယ်အကျိုးဆောင်ပေးနေပါသည်။ နေရာဒေသအသီးသီးမှ တိုင်းရင်းသားပြည်သူအချင်းချင်း သတင်းမျှဝေရေးကိုလည်း အလေးအနက်ဖြန့်ဝေပေးနေပါသည်။

ထို့ကြောင့် နေရာဒေသအသီးသီးရှိ တိုင်းရင်းသားပြည်သူများအနေဖြင့် မိမိတို့ကြုံတွေ့နေရသောအခြေအနေမှန်များမှ ပြုပြင်စေလိုသောကိစ္စရပ်များ၊ အမြင်မတော်သည့်ဖြစ်ရပ်များအား မြဝတီသတင်းစာတိုက်သို့ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။ မှတ်တမ်းဓာတ်ပုံများရှိပါက ထည့်သွင်းပေးပို့နိုင်ပါသည်။

"ပွင့်လင်းမြင်သာပြုပြင်စရာများ" ရေးသားပေးပို့ပါက ပေးပို့သူအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် စိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန်တယ်လီဖုန်းအမှတ်(ရှိလျှင်)တို့ ပြည့်စုံစွာပေးပို့ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

(အယ်ဒီတာ)

ပေးပို့ရန်လိပ်စာ

- မြဝတီသတင်းစာတိုက်(နေပြည်တော်)၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ ဖုန်း- ၀၆၇-၇၃၉၉၈၊ ဖက်(စ်) ၀၆၇-၇၃၉၉၉
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ရန်ကုန်)၊ အမှတ်(၁၅) တပ်မြေ၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ် ဖုန်း- ၀၁-၄၀၀၆၉၇၊ ဖက်(စ်) ၀၃၁-၇၄၀၂၀၊ ၀၁-၃၉၇၃၃၁
- မြဝတီသတင်းစာတိုက်ရုံးခွဲ(မန္တလေး)၊ ၈၄ လမ်း၊ ၂၉ × ၃၀ လမ်းကြား၊ ဖုန်း-၀၂-၆၆၆၅၁၊ ၀၉-၄၀၂၅၂၃၉၈၂
- Online ဖြင့်လည်း E-mail:mwdpress@hotmail.co.uk သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။

## ကရင်ပြည်နယ်၌ မေလအတွင်း ယာဉ်မတော်တဆမှု ပိုမိုမြင့်တက်

ဘားအံ မေ ၃၁

ကရင်ပြည်နယ်၌ ၂၀၁၆ ခုနှစ် မေလအတွင်း ယာဉ်မတော်တဆမှု၊ ယာဉ်တိုက်မှုမှာ ယခင်လေးလကထက် ပိုမိုမြင့်တက်နေကြောင်း ကရင်ပြည်နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

"ကျွန်တော်တို့က နေ့စဉ်တာဝန်ထမ်းဆောင်နေရတဲ့အခါမှာ ယာဉ်တိုက်မှုတွေ၊ ယာဉ်တိုက်မှုကြောင့် သေဆုံးရမှုတွေ၊ ထာဝရမသန်စွမ်းဖြစ်ရမှုတွေ အများကြီးတွေ့နေရတယ်။ ဒီလိုဘာကြောင့်ဖြစ်ရတာလဲဆိုတာကိုလည်း ကျွန်တော်တို့ကသိနေတဲ့အတွက် တက္ကသိုလ်ကျောင်းသားတွေ၊ လူငယ်လူရွယ်တွေကို ပြောပြပါတယ်။ တာဝန်အရဆိုပေမယ့် စေတနာနဲ့ပြောပြပါတယ်။ စေတနာကို နားမလည်လက်မခံတာကြုံရင် စိတ်မကောင်းဖြစ်ရတယ်။ စေတနာကို တာဝန်နဲ့ အမိန့်လို့ပဲမြင်တာတွေလည်းရှိတယ်"ဟု ပြည်နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်သန်းထူးအောင်က ပြောသည်။

ကရင်ပြည်နယ်အတွင်း ဇန်နဝါရီလက ယာဉ်မတော်တဆမှု ၃၇ ကြိမ်ဖြစ်ပွားခဲ့ရာ ၁၃ ဦးသေဆုံးပြီး ၄၈ ဦး ဒဏ်ရာရရှိခဲ့ကာ ဖေဖော်ဝါရီလက ယာဉ်မတော်တဆမှု ၃၃ ကြိမ်ဖြစ်ပွားခဲ့ရာ ၁၁ ဦးသေဆုံးပြီး ၄၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

မတ်လအတွင်း ယာဉ်မတော်တဆမှု ၃၆ ကြိမ်ဖြစ်ပွားရာ သေဆုံးသူ ၁၆ ဦး၊ ဒဏ်ရာရသူ ၅၅ ဦးရှိကာ ဧပြီလတွင် ယာဉ်မတော်တဆမှု ၄၄ ကြိမ်ဖြစ်ပွားရာ သေဆုံးသူ ၁၅ ဦးနှင့် ဒဏ်ရာရရှိသူ ၁၂၀ ဦးရှိခဲ့သော်လည်း မေလတွင် ယာဉ်မတော်တဆမှုအကြိမ်အရေအတွက်မှာ ၇၀ အထိရှိလာပြီး သေဆုံးဒဏ်ရာရစာရင်းများ အတည်မပြုရသေးကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

"ဆိုင်ကယ်နဲ့ဆိုရင်လည်း ဦးထုပ်ဆောင်းကြပါ။ သုံးယောက်မစီးကြပါနဲ့။ ဆန္ဒစောပြီး အလောတကြီးမမောင်းကြပါနဲ့။ အများပြည်သူလမ်းပေါ် ရောက်ရင် လမ်းစည်းကမ်းလိုက်နာကြပါ။ အများက အမှန်မောင်းနေတဲ့ယာဉ်ကြောမှာ ကိုယ်ကမှားဝင်လိုက်တာနဲ့ အားလုံးဒုက္ခရောက်ပြီ။ ဆိုင်ကယ်တို့၊ ကားတို့ဆိုတာ စည်းကမ်းလိုက်နာသူတွေကို သွားလိုရာရောက်အောင်ပို့တယ်။ စည်းကမ်းမလိုက်နာရင် မသွားချင်တဲ့နေရာကို ရောက်အောင်ပို့တတ်တယ်ဆိုတာ အားလုံးသိစေချင်တယ်"ဟု ရဲအုပ်သန်းထူးအောင်က ပြောသည်။

ထို့ပြင် ဘားအံမြို့နယ်၌ မေ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ယာဉ်မတော်တဆမှု၊ ယာဉ်တိုက်မှု သုံးကြိမ်ဖြစ်ပွားခဲ့ပြီး တစ်ဦးသေဆုံးကာ နှစ်ဦးမှာ စိုးရိမ်ရသည့်အခြေအနေဖြင့် ဘားအံပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသထားရကြောင်း ဘားအံမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။ **အမ်အမ်ကေ**

www.facebook.com/themyawadydaily

# ယာဉ်လိုင်းများတွင် နံပါတ်အနက်ယာဉ်များ နံပါတ်အနီပြောင်းလဲခြင်းမရှိဘဲ ပြေးဆွဲနေသောကြောင့် တရားဝင်နံပါတ်အနီယာဉ်များနစ်နာမှုရှိနေ

ထားဝယ် မေ ၃၁

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ ခရီးသည်တင်ယာဉ်လိုင်းများအတွင်း နံပါတ်အနက်ယာဉ်များကို နံပါတ်အနီ တရားဝင်ပြောင်းလဲခြင်းမရှိဘဲ ပြေးဆွဲနေသည့် ယာဉ်လိုင်းများရှိနေသောကြောင့် အမှန်တကယ် နံပါတ်ပြောင်းလုပ်ကိုင်နေသည့်ယာဉ်များ နစ်နာမှုရှိနေကြောင်း ထားဝယ်မြို့ ထီးခီးကားဝင်းရှိ ယာဉ်ပိုင်ရှင်များထံမှ သိရသည်။

"ထားဝယ်-ထီးခီးယာဉ်လိုင်းတွေက တချို့ကားတွေဆိုရင် နံပါတ်အနက်ကို တရားဝင်အနီမပြောင်းဘဲ ပိုင်ရာဆိုင်ရာတွေနဲ့လုပ်ပြီး ကားဆွဲနေကြတော့ တရားဝင်ပြောင်းပြီး လုပ်ကိုင်နေတဲ့ ယာဉ်တွေအတွက် အများကြီးနစ်နာတယ်"ဟု ထီးခီးဂိတ်အတွင်းရှိ ဂိတ်မှူးတစ်ဦးက ပြောသည်။

ထိုသို့ လုပ်ဆောင်ရာတွင် ပို့ဆောင်ဆက်သွယ်ရေးဦးစီးဌာန၏ အခန်းကဏ္ဍမှာ အလွန်အရေးပါသည့်နေရာတွင် ရှိနေသည့်အတွက် ၎င်းတို့အနေဖြင့် အသေအချာစိစစ်ပေးရန်လိုနေပြီး ခရီးစဉ်ပြေးဆွဲရာလမ်းကြောင်းများတွင်လည်း တရားဝင်ပြောင်းလဲလုပ်ကိုင်နေသည့်ယာဉ်များကို စစ်ဆေးမှုများရှိနေသော်လည်း တချို့ကားများကိုမူ နံပါတ်မြင်ရုံမျှဖြင့် စစ်ဆေးမှုမပြုခြင်းများရှိနေကြောင်း ယာဉ်မောင်းများထံမှ သိရသည်။

"ကျွန်တော်တို့ဆီမှာက ကားလိုင်းတွေမှာလုပ်မယ့်ယာဉ်တွေ နံပါတ်အနက်ကနေ အနီပြောင်းချင်ရင် ကားက ထားဝယ်ခရိုင်မှာ အမည်ပေါက်ထားတဲ့ကားတွေပဲ လုပ်ပေးလို့ရတာပါ။ ကျန်တဲ့ဒေသတွေက အမည်ပေါက်ဆိုရင် လုပ်ပေးလို့မရပါဘူး"ဟု တနင်္သာရီတိုင်းဒေသကြီး ပို့ဆောင်ဆက်သွယ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးအရာရှိ ဦးဇော်ငြိမ်းက ပြောသည်။

နံပါတ်အနက်မှ အနီပြောင်းရာတွင်လည်း ယာဉ်လိုင်းများတွင် အသုံးပြုမည့်ယာဉ်များဆိုပါက ယာဉ်ဖြင့် စီးပွားရေးလုပ်ကိုင်မည်ဖြစ်သည့်အတွက် လုပ်ငန်းလိုင်စင်လုပ်ရကြောင်း၊ ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်သူများအနေဖြင့် ပြုလုပ်မည်ဆိုက ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းလိုင်စင်ဖြင့် ထုတ်ပေးပြီး လုပ်ကိုင်မည့်ကုန်ပစ္စည်းတစ်မျိုးတည်းမှအပ ကျန်သည့်ကုန်ပစ္စည်းများ တင်ဆောင်ခွင့်မရှိကြောင်း သိရသည်။

ထားဝယ်မြို့နယ်အတွင်း ယာဉ်လိုင်းပေါင်း ၃၅ လိုင်းအထိ ခွင့်ပြုပေးထားပြီး အဆိုပါယာဉ်လိုင်းများတွင် ပို့ဆောင်ဆက်သွယ်ရေးမှ ခွင့်ပြုပေးသည့် ယာဉ်လိုင်းများရှိသကဲ့သို့ တိုင်းဒေသကြီးအစိုးရမှ တိုက်ရိုက်ချပေးခဲ့သည့် ယာဉ်လိုင်းများလည်းရှိကာ ပို့ဆောင်ဆက်သွယ်ရေးမှ ခွင့်ပြုပေးထားသည့်ယာဉ်လိုင်းများမှာ တရားဝင်နံပါတ်ပြောင်းထားသည့် ယာဉ်လိုင်းများဖြစ်ကြောင်း သိရသည်။

တချို့ယာဉ်များမှာ YGN နံပါတ်အနက်များကို ကားရောင်းရာတွင် အဆင်ပြေစေရန် တရားဝင်နံပါတ်အနီပြောင်းလဲခြင်းမရှိဘဲ နံပါတ်နှင့် လိုင်စင်ပေါ်တွင်သာ ပြောင်းလဲလုပ်ကိုင်နေမှုများလည်းရှိပြီး ဌာနဆိုင်ရာများအနေဖြင့် စစ်ဆေးမှုများပြုလုပ်သည့်အခါ ယာဉ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ကြည့်ရှုစစ်ဆေးကာ သိရှိနိုင်မည်ဖြစ်ကြောင်း ထီးခီးယာဉ်လိုင်းရှိ ယာဉ်မောင်းများက ပြောသည်။ **အင်အင်တေ**

# ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

ဖြူး မေ ၃၁

၂၀၁၆-၂၀၁၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ပဲခူးတိုင်းဒေသကြီး ဖြူးမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း စံပယ်ဆောင်၌ ယမန်နေ့ နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးဝင်းလွင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မဥ္ဇူနှင့် မြို့နယ်ပညာရေးမှူး ဒေါ်အုန်းကျင်တို့က ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မဥ္ဇူက ကျောင်းသုံးဗလာစာအုပ်များ၊ ကျောင်းဝတ်စုံများကို ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဒေါ်အုန်းကျင်က လက်ခံရယူပြီး ဖြူးမြို့ အခြေခံပညာအထက်တန်းကျောင်းခွဲမှကျောင်းသား၊ ကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် သီဆိုဖျော်ဖြေကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**ဖြူးမြင့်ဦး**

# ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ပညာပေးဆွေးနွေးမှုများ ကျောက်မဲမြို့၌ဆောင်ရွက်

ကျောက်မဲ မေ ၃၁

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျောက်မဲခရိုင် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်မောင်ညွန့်နှင့် ကော်မတီဝင်များ၊ အမှတ်(၁၂၀) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူးချစ်စိန်နှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များပူးပေါင်း၍ ယနေ့နံနက်ပိုင်းတွင် ကျောက်မဲမြို့ ဗဟိုဈေးအနီး ပင်လုံလမ်းနှင့် သီရိမင်္ဂလာလမ်းထောင့်၌ ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရန် ရည်ရွယ်၍ ပညာပေးဆွေးနွေးမှုများ ဆောင်ရွက်ကာ ဆိုင်ကယ်စီးဦးထုပ်အလုံး ၁၅၀ ကို အခမဲ့ဝေငှခဲ့ကြောင်း သိရသည်။



"အဓိကကတော့ ယာဉ်အန္တရာယ်ကြောင့် ထိခိုက်ဒဏ်ရာရ သေဆုံးမှု မဖြစ်ပွားအောင် ဆိုင်ကယ်စီးဦးထုပ်တွေဝေငှတာပါ။ ဒါ ဒုတိယအကြိမ်ပါ။ ပြည်သူအတွက် ရက် ၁၀၀ စီမံချက်အတွင်း ရပ်ကွက်တွေ၊ အခြေခံပညာမူလတန်း၊ အခြေခံပညာအလယ်တန်းနှင့် အခြေခံပညာအထက်တန်းကျောင်းတွေမှာ ပညာပေးဟောပြောပွဲတွေ တိုးမြှင့်လုပ်ဆောင်သွားမှာပါ"ဟု ခရိုင်ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူးချစ်စိန်က ပြောသည်။

ကျောက်မဲခရိုင်အတွင်း၌ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်အင်အား ၁၄ ဦးဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိပြီး ၂၀၁၆ ခုနှစ်အတွင်း မေလအထိ ယာဉ်မတော်တဆမှု ၈၆ မှု ဖြစ်ပွားခဲ့ရာ သေဆုံးသူ ၂၇ ဦးရှိကြောင်း သိရသည်။

"ကျောက်မဲမှာ ပင်လုံလမ်းနဲ့ အောင်ဆန်းလမ်းဆိုတဲ့ လမ်းမကြီးနှစ်လမ်းကို အဓိကထား အသုံးပြုနေကြရတယ်။ ဗဟိုဈေးအနီး အဓိကလမ်းမကြီးတွေပေါ်မှာ ယာဉ်တွေရပ်တန့်ပြီး ဈေးဝယ်တာ၊ စားသောက်ဆိုင်ထိုင်တာ၊ ကုန်တင်ကုန်ချလုပ်တာတွေကြောင့် လမ်းကျဉ်းပြီး သွားလာရခက်ခဲပါတယ်။ ကျောင်းတွေလည်း ဖွင့်တော့မှာဆိုတော့ ကျောင်းသား၊ ကျောင်းသူတွေနဲ့ အများပြည်သူတွေ လမ်းအသုံးပြုမှုပိုပြီး အဆင်ပြေအောင်တိုးမြှင့်ဆောင်ရွက်ပေးစေချင်ပါတယ်"ဟု မြို့ခံပြည်သူတစ်ဦးက ပြောသည်။ **မလတ်(ကျောက်မဲ)**

# ၂၀၁၆ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အခမ်းအနား ကျင်းပ

ပဲခူး မေ ၃၁

ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှုအန္တရာယ်ကို သတိပြုရှောင်ကြဉ်နိုင်ရန်အတွက် ၂၀၁၆ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ကျော်ထွေးက ဆေးလိပ်၊ ဆေးရွက်ကြီးထွက်ပစ္စည်းထုတ်လုပ်သူ၊ ဖြန့်ဖြူးသူ၊ ရောင်းချသူများ လိုက်နာဆောင်ရွက်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနတစ်ခုတည်းဖြင့် ဆောင်ရွက်ရန် မဖြစ်နိုင်သောကြောင့် နီးနွယ်ဌာနဆိုင်ရာအားလုံးနှင့် လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူလူထုတစ်ရပ်လုံးက အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်သူလူထုကို ဆေးလိပ်၊ ဆေးရွက်ကြီးအန္တရာယ်က ကင်းဝေးစေရေး ဆေးလိပ်ငွေ့ကင်းစေသည့်နိုင်ငံတော်ဖြစ်ရန်လိုကြောင်း၊ ဆေးလိပ်၊ ဆေးရွက်ကြီးထိန်းချုပ်ရေးအတွက် ပြဋ္ဌာန်းထားသော ဥပဒေ၊ အမိန့်ကြော်ငြာစာများကို အလေးထားလိုက်နာဆောင်ရွက်ကြရန် ပြည်သူလူထုကလည်း ကျန်းမာရေးအသိရှိစွာ ပူးပေါင်းပါဝင်ကြရန်လိုကြောင်း ပြောကြားသည်။

ဆေးလိပ်၊ ဆေးရွက်ကြီးထွက်ပစ္စည်းများဖြစ်သော စီးကရက်၊ ဆေးပြင်းလိပ်၊ ဆေးပေါ့လိပ်စသည်တို့ကို သောက်သုံးခြင်း၊ ကွမ်းယာထဲတွင် ဆေးထည့်စားခြင်း၊ ဆေးပေါင်းငုံခြင်းစသည်ဖြင့် ဆေးရွက်ကြီးကို ပုံစံအမျိုးမျိုးနှင့်သုံးစွဲနေကြရာမှ ကိုယ်တိုင်သုံးစွဲသည်ဖြစ်စေ၊ သူတစ်ပါးသောက်သုံးသော ဆေးလိပ်ငွေ့ကို ရှူရခြင်းဖြစ်စေ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ လေဖြတ်ရောဂါ၊ သွေးကြောကျဉ်းရောဂါ၊ အဆုတ်ရောဂါအမျိုးမျိုး၊ အဆုတ်ကင်ဆာ၊ ခံတွင်းကင်ဆာ၊ လည်ချောင်းကင်ဆာစသည့် ကင်ဆာအမျိုးမျိုးဖြစ်ပွားနိုင်ကြောင်း သိရသည်။ **(၉၀၀)**

## ကုန်စည်ဈေးနှုန်းများ

### အခြေခံစားသောက်ကုန်

**ဆန်**

| | | | | | |
|---|---|---|---|---|---|
| ပေါ်ဆန်း (ဖျာပုံ) | တစ်ပြည် | ၁၅၀၀ | - | ၁၈၀၀ | ကျပ် |
| ပေါ်ဆန်း (ရွှေဘို) | တစ်ပြည် | ၁၈၅၀ | - | ၂၃၀၀ | ကျပ် |
| ဧည့်မထ | တစ်ပြည် | ၁၁၀၀ | - | ၁၄၀၀ | ကျပ် |
| ဧည့်ယာ | တစ်ပြည် | ၈၀၀ | - | ၉၅၀ | ကျပ် |

**ဆီ**

| | | | |
|---|---|---|---|
| မြေပဲဆီ | တစ်ပိဿာ | ၅၀၀၀ | ကျပ် |
| နှမ်းဆီ | တစ်ပိဿာ | ၄၄၀၀ | ကျပ် |
| စားအုန်းဆီ | တစ်ပိဿာ | ၁၅၅၀ | ကျပ် |

**အထက်ပါဈေးနှုန်းများသည် ဘုရင့်နောင်ကုန်စည်ဒိုင်မှ ကောက်ယူထားခြင်းဖြစ်ပါသည်။**

### စက်သုံးဆီ

| | | | |
|---|---|---|---|
| ပရီမီယံဒီဇယ် | တစ်လီတာ | ၅၇၀ | ကျပ် |
| ဒီဇယ် | တစ်လီတာ | ၅၄၀ | ကျပ် |
| ဓာတ်ဆီ | တစ်လီတာ | ၅၆၀ | ကျပ် |
| အောက်တိန်း (92) | တစ်လီတာ | ၅၇၀ | ကျပ် |
| အောက်တိန်း (95) | တစ်လီတာ | ၆၅၀ | ကျပ် |

### ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | | |
|---|---|---|---|---|
| အခေါက်ရွှေ ၁၆ ပဲရည်တစ်ကျပ်သား | | - | ၇၇၅၅၀၀ | ကျပ် |
| ၁၅ ပဲရည် | တစ်ကျပ်သား | - | ၇၂၉၉၀၀ | ကျပ် |

### နိုင်ငံခြားငွေကြေး

| | | | | | |
|---|---|---|---|---|---|
| အမေရိကန်ဒေါ်လာ | တစ်ဒေါ်လာ | ၁၁၈၁ | - | ၁၁၉၀ | ကျပ် |
| စင်ကာပူဒေါ်လာ | တစ်ဒေါ်လာ | ၈၅၀ | - | ၈၆၂ | ကျပ် |
| ယူရို | တစ်ယူရို | ၁၃၀၇ | - | ၁၃၂၅ | ကျပ် |
| ယွမ် | တစ်ယွမ် | ၁၇၈ | - | ၁၉၂ | ကျပ် |
| ဘတ် | တစ်ဘတ် | ၃၃.၄ | - | ၃၃.၉ | ကျပ် |
| ရင်းဂစ် | တစ်ရင်းဂစ် | ၂၈၅ | - | ၂၉၀ | ကျပ် |
| စတာလင်ပေါင် | တစ်ပေါင် | ၁၇၄၁ | - | ၁၇၄၆ | ကျပ် |
| ယန်း | တစ်ယန်း | ၁၀.၆၅ | - | ၁၀.၈၅ | ကျပ် |

**သိမ်ဖြူငွေလဲကောင်တာမှ ကောက်ယူထားသောနှုန်းဖြစ်ပါသည်။**

**(၂၈၀)**

# လာလီဂါ၌ တန်းတင်ကျန်ရစ်ခွင့်ရှိသော်လည်း နည်းပြဗစ်တာဆန်းချက်ဇ်ကို ဒီပို့တီဗိုထုတ်ပယ်

ဒီပို့တီဗို မေ ၃၁

လာလီဂါကလပ် ဒီပို့တီဗိုသည် ပြီးဆုံးသွားခဲ့ပြီဖြစ်သည့် ဘောလုံးရာသီက တန်းမဆင်းရဘဲ လာလီဂါတွင် တန်းတင်ကျန်ရစ်ခွင့်ရရှိသွားသော်လည်း နည်းပြဗစ်တာဆန်းချက်ဇ်အား ရာထူးမှထုတ်ပယ်ရန် ဆုံးဖြတ်ခဲ့သည်။

ဒီပို့တီဗိုသည် လာလီဂါပြိုင်ပွဲပြီးဆုံးချိန်တွင် တန်းဆင်းဇုန်အထက် လေးမှတ်အကွာနေရာမှ တန်းတင်ကျန်ရစ်ခွင့်ရရှိခဲ့သည်။ ထို့ကြောင့် လာမည့် ၂၀၁၆-၂၀၁၇ ဘောလုံးရာသီတွင်လည်း လက်ရှိနည်းပြဗစ်တာဆန်းချက်ဇ်ကိုပင် ဆက်လက်တာဝန်ယူစေဖွယ်ရှိကြောင်း မျှော်လင့်ခဲ့ကြသည်။

သို့သော် အသင်းဘုတ်အဖွဲ့က နှစ်ကြိမ်တိုင်တိုင် အစည်းအဝေးပြုလုပ်ပြီး နောက်ဆုံးတွင် ဗစ်တာဆန်းချက်ဇ်ကို ရာထူးမှထုတ်ပယ်သင့်ကြောင်း ဆုံးဖြတ်ခဲ့ကြသည်။ ယခုရာသီတွင် ဒီပို့တီဗိုအနေဖြင့် စုစုပေါင်း လာလီဂါနိုင်ပွဲ ရှစ်ပွဲသာရယူနိုင်ပြီး အသင်းအားလုံးထဲတွင် နိုင်ပွဲအနည်းဆုံးဖြစ်နေမှု ဘာစီလိုနာတိုက်စစ်



ကို ရှစ်ဂိုးအထိပေးခဲ့ရမှုနှင့် ရာသီတစ်လျှောက်လုံးခံစစ်ပိုင်းအမှားများလွန်းခဲ့မှုတို့က ဗစ်တာဆန်းချက်ဇ်အား ထုတ်ပယ်ရခြင်း၏ အဓိကအကြောင်းရင်းများဖြစ်လာခြင်းဖြစ်သည်။

သို့ရာတွင် ဒီပို့တီဗိုအသင်းက အဓိကရည်မှန်းချက်ဖြစ်သည့် တန်းတင်ကျန်ရစ်ခွင့်ရရှိစေရန် စွမ်းဆောင်ပေးနိုင်၍ ကျေးဇူးတင်ကြောင်းပြောသည်။ ***Ref:Marca***

# ဂိုးသမားနာဗက်စ် နာသွားသဖြင့် ကိုပါပြိုင်ပွဲဝင် ကော်စတာရီကာအတွက် ထိုးနှက်ချက်ဖြစ်လာ

မက်ဒရစ် မေ ၃၁

ကော်စတာရီကာလက်ရွေးစင်ဂိုးသမား ကေလာနာဗက်စ်သည် ခြေထောက်အရွတ်ကြောဒဏ်ရာကြောင့် မိခင်နိုင်ငံအသင်းယှဉ်ပြိုင်ရန်ရှိသည့် ကိုပါအမေရိကဖလားပြိုင်ပွဲဝင်လူစာရင်းမှ နုတ်ထွက်သွားခဲ့သည်။

အသက် ၂၉ နှစ်အရွယ်ရှိ ၎င်းသည် ရီးယဲလ်မက်ဒရစ်အသင်းအတွက် ချန်ပီယံလိဂ်ဗိုလ်လုပွဲယှဉ်ပြိုင်ကစားစဉ် ဘယ်ဘက်ခြေဖဝါးအရွတ်ကြောဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ယင်းဒဏ်ရာကို ပြီးခဲ့သည့်ဘောလုံးရာသီက ဗလင်စီယာအသင်းနှင့် ယှဉ်ပြိုင်ကစားစဉ်ကတည်းက ထိခိုက်မိပြီး ယခုမှ အခြေအနေပိုဆိုးသွားခဲ့ရသည်။ သို့သော် ၎င်းသည် အက်သလက်တီကိုအား အနိုင်ရသည့် ယင်းပွဲစဉ်တွင် ဒဏ်ရာရရှိနေလျက်နှင့် ပယ်နယ်တီအဆုံးအဖြတ်အထိ ပါဝင်ကစားပေးခဲ့သည်။

သူ၏ ဒဏ်ရာအခြေအနေနှင့်ပတ်သက်ပြီး ရီးယဲလ်မက်ဒရစ်အသင်းက "ကေလာနာဗက်စ် ရသွားတဲ့ဒဏ်ရာက ပြင်းထန်ပါတယ်။ ခွဲစိတ်ကုသမှုခံယူရတဲ့အထိ လိုအပ်မယ်လို့ ခန့်မှန်းထားတယ်။ သူ့အနေနဲ့ ဒီဒဏ်ရာ



ကြောင့် ကိုပါအမေရိကဖလားပြိုင်ပွဲကိုတော့ လွဲချော်သွားပါပြီ" ဟု ထုတ်ပြန်ခဲ့သည်။ ၎င်းသည် ယမန်နှစ်က ကော်စတာရီကာအသင်းယှဉ်ပြိုင်ခဲ့သည့် ကွန်ကာကပ်ဖ်ရွှေဖလားပြိုင်ပွဲကိုလည်း ဒဏ်ရာကြောင့် လွဲချော်ခဲ့ရသူဖြစ်သည်။

ယခုအခါ ကော်စတာရီကာအသင်းသည် ပွဲထွက်ဂိုးသမား ကေလာနာဗက်စ် ဒဏ်ရာကြောင့် ပါဝင်နိုင်တော့မည်မဟုတ်၍ ဂိုးသမားတစ်ဦး အစားထိုးခေါ်ယူရန် စီစဉ်လာပြီး ဆီဂန်ဒါကလပ် ဆာပရစ်ဆာမှ ဒန်နီကာဘာဂျယ်ကို ရွေးချယ်ဖွယ်ရှိနေသည်။ ***Ref:US Daily***

**ပျောက်ဆုံးကြောင်း**

မင်းပိုင်စိုး(ဘ)ဦးမြင့်သိန်း ၁၀/မလမ (နိုင်) ၂၁၄၅၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၀၈၅၀၂၅**

**ပျောက်ဆုံးကြောင်း**

မင်းမျိုးမင်းဦး(ဘ)ဦးကြည်အေး ၁၀/ခဆန (နိုင်)၀၇၄၅၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၀၈၅၀၂၅**

**ပျောက်ဆုံးကြောင်း**

မဆွေထန်ပါရီ(ဘ)ဦးလာလ်ဗျက်သောင်း ၄/ဖလန(နိုင်)၀၄၉၂၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၀၈၅၀၂၅**

**ပျောက်ဆုံးကြောင်း**

ကျော်သူရ(ဘ)ဦးတင်ဝင်း ၇/လပတ(နိုင်) ၁၀၄၂၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၀၈၅၀၂၅**

**ပျောက်ဆုံးကြောင်း**

ထက်နောင်စိုး(ဘ)ဦးစိုးမြင့် ၇/ရတရ(နိုင်) ၁၆၃၀၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၀၈၅၀၂၅**

**ပျောက်ဆုံးကြောင်း**

အေးအေးသွယ်(ဘ)ဦးအောင်မင်း ၇/ညလပ(နိုင်)၁၉၇၃၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၀၀၆၉၀၅၄၆**

**ပျောက်ဆုံးကြောင်း**

ခင်မောင်တိုး(ဘ)ဦးသန်းစိန် ၃/ ကကရ(နိုင်)၀၁၂၈၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၀၀၆၉၀၅၆၃**

**ပျောက်ဆုံးကြောင်း**

ချစ်မှုန်ဦး(ဘ)ဦးသောင်းညွန့် ၁၀/ပမန(နိုင်)၁၅၆၅၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၂၉၅၉၈**

**ပျောက်ဆုံးကြောင်း**

ခွန်ချစ်သဲ(ဘ)ဦးထွန်းရီ ၃/ဘအန(နိုင်) ၃၃၁၀၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၀၀၆၉၀၆၉၃**

**ပျောက်ဆုံးကြောင်း**

တင်အုန်း(ဘ)ဦးနေဝင်း ၉/ပဘန(နိုင်) ၁၈၄၇၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၀၀၆၉၆၉၈၇**

**တစ်ဦးတည်းဖြစ်ကြောင်း**

အဘ ဦးမောင်နုစ် ၁၃/လလန(နိုင်) ၀၉၇၈၇၂ ကိုင်ဆောင်သူ၏သား မောင်မုန်း(ခ)ခွန်းထူးမြတ်လင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်မုန်း(ခ)ခွန်းထူးမြတ်လင်း**

**ချိန်ခါမရွေးသတိပေး**

**မီးဘေးကင်းဝေးမှာ**



www.facebook.com/themyawadydaily



# IS အဖွဲ့အား တိုက်ဖျက်ချေမှုန်းရေး အီရတ်တပ်ဖွဲ့ တိုးမြှင့်လုပ်ဆောင်

ဘဂ္ဂဒက် မေ ၃၁

အီရတ်နိုင်ငံအတွင်း အသေခံဗုံးခွဲတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေသော်လည်း အီရတ်အစိုးရတပ်ဖွဲ့အနေဖြင့် IS စစ်သွေးကြွအဖွဲ့တိုက်ဖျက်ချေမှုန်းရေးစစ်ဆင်ရေးကို တိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

အီရတ်အစိုးရတပ်ဖွဲ့နှင့် နှိုးယိုက်ပြည်သူ့စစ်အဖွဲ့သည် ပြီးခဲ့သည့်ရက်သတ္တပတ်က ဘဂ္ဂဒက်မြို့အနောက်ဘက် မိုင် ၄၀ အကွာရှိ ဖာလူဂျာမြို့ကို IS တို့လက်မှ ပြန်လည်ရယူနိုင်ရန် နိုင်ငံတကာညွန့်ပေါင်းအဖွဲ့၏ အကူအညီဖြင့် စစ်ဆင်ရေးတစ်ခုကို စတင်ခဲ့သည်။ ထို့နောက် အီရတ်တပ်ဖွဲ့ဝင်များသည် ဖာလူဂျာမြို့၏ ဝင်ပေါက်အားလုံးနီးပါးကို ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်များအရ သိရသည်။

IS စစ်သွေးကြွအဖွဲ့သည် ဖာလူဂျာမြို့ကို ၂၀၁၄ ခုနှစ်ကတည်းက သိမ်းပိုက်ခဲ့ခြင်းဖြစ်ပြီး စစ်ပွဲများမဖြစ်ပွားမီ ယင်းမြို့သည် ဒေသခံ ၃၅၀၀၀၀ ရှိပြီး အီရတ်နိုင်ငံတွင် လူဦးရေအထူထပ်ဆုံး မြို့တစ်မြို့ဖြစ်သည်။

မေ ၃၀ ရက်တွင် အီရတ်တပ်ဖွဲ့သည် ဖာလူဂျာမြို့အတွင်း စစ်ဆင်ရေးများကို ဆက်လက်ပြုလုပ်ခဲ့ပြီး ယူဖရေးတီးမြစ်ကိုဖြတ်၍ လှေများဖြင့် ထွက်ပြေးရန် ကြိုးပမ်းသော IS စစ်သွေးကြွများကို ပိတ်ဆို့တားဆီးနိုင်ခဲ့ကြောင်း ဖာလူဂျာမြို့မှ သတင်းအရင်းအမြစ်များက Sputnik သတင်းဌာနသို့ ပြောကြားသည်။

ထို့ပြင် ဖာလူဂျာမြို့အနီး၌ IS စစ်သွေးကြွအဖွဲ့က အသုံးပြုခဲ့သော ဥမင်လိုဏ်ခေါင်း တစ်ခုကိုလည်း နှိုးယိုက်ပြည်သူ့စစ်အဖွဲ့က ရှာဖွေတွေ့ရှိခဲ့ကြောင်း ယင်းအဖွဲ့က RIA Novosti သတင်းဌာနသို့ ပြောကြားခဲ့သည်ဟု သိရသည်။

***Ref: Sputnik***



# ၂၀၁၆-၂၀၂၀ ပြည့်နှစ် ကာကွယ်ရေးစက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်ကို ရုရှားဝန်ကြီးချုပ်အတည်ပြု



မော်စကို မေ ၃၁

ရုရှားဝန်ကြီးချုပ် ဒီမီထရီမက်ဗီဒက်ဗ်သည် ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း နိုင်ငံ၏ကာကွယ်ရေးစက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်မည့်အစီအစဉ်သစ်ကို အတည်ပြုခဲ့ကြောင်း မေ ၃၀ ရက်တွင် ပြောကြားခဲ့သည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

လက်ရှိအချိန်တွင် ရုရှားစစ်ဘက်ကို စစ်လက်နက်ပစ္စည်းအမျိုးအစားသစ်များဖြင့် ပြန်လည်အဆင့်မြှင့်တင်လျက်ရှိသောကြောင့် စစ်ဘက်၏လိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်ပြီး စစ်လက်နက်ပစ္စည်း လွှဲပြောင်းပေးမှုအစီအစဉ်တို့ကို စီမံဆောင်ရွက်နိုင်စွမ်းရှိသည့် ခေတ်မီကာကွယ်ရေးစက်မှုလုပ်ငန်းလိုအပ်နေကြောင်း မက်ဗီဒက်ဗ်က ပြောကြားသည်။

ရုရှားနိုင်ငံအနေဖြင့် အဆင့်မြင့်စစ်ဘက်စက်မှုလုပ်ငန်းဖြင့် ကမ္ဘာ့ဈေးကွက်အတွင်း၌ စစ်လက်နက်ပစ္စည်း ဒုတိယအများဆုံးရောင်းချပေးနေသည့်အနေအထားကို ထိန်းသိမ်းဆောင်ရွက်သွားမည်ဟု မက်ဗီဒက်ဗ်က ကတိပြုပြောကြားခဲ့သည်။ အဆိုပါအစီအစဉ်အား အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် ပြည်ထောင်စု၏ ဘဏ္ဍာရေးအသုံးစရိတ်မှ ရူဘယ်လ် ၁ ဒသမ ၆၇ ထရီလီယံအား ခွဲဝေသုံးစွဲသွားမည်ဖြစ်ကြောင်း ရုရှားဒုတိယဝန်ကြီးချုပ် ဒီမီထရီရိုဂိုဇင်က ပြောကြားသည်။

အဆိုပါကာကွယ်ရေးစက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်သည် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ အရေးကြီးစစ်လက်နက်ပစ္စည်းများ အစားထိုးထုတ်လုပ်ရေးနှင့် သိပ္ပံဆိုင်ရာသုတေသနလုပ်ငန်းများအတွက် အထောက်အကူများစွာပေးနိုင်မည်ဖြစ်ကြောင်း ရိုဂိုဇင်က ဆက်လက်ပြောကြားသည်။

၂၀၁၆-၂၀၂၀ ပြည့်နှစ် ကာကွယ်ရေးစက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တွင် ပြည်တွင်းနှင့်ပြည်ပဈေးကွက်များရှိ စစ်ဘက်ဆိုင်ရာစက်မှုလုပ်ငန်းနယ်ပယ်အတွင်း ထုတ်ကုန်များ၏ယှဉ်ပြိုင်နိုင်စွမ်းကို တိုးမြှင့်ရေးနှင့် ဆန်းသစ်တီထွင်မှုအလားအလာများအား အပြည့်အဝအသုံးချရေးတို့ကိုဆောင်ရွက်ရန် မျှော်မှန်းထားကြောင်း သိရသည်။

***Ref: Xinhua(KT)***

# အိန္ဒိယရှိ အကြီးမားဆုံး လက်နက်သိုလှောင်ရုံတစ်ခုတွင် မီးလောင်မှုဖြစ်ပွား

နယူးဒေလီ မေ ၃၁

အိန္ဒိယနိုင်ငံအနောက်ပိုင်း မဟာရက်ရှ်ထရာပြည်နယ်ရှိ လက်နက်ခဲယမ်းသိုလှောင်ရုံတစ်ခုတွင် မေ ၃၁ ရက်အစောပိုင်းက မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး စစ်ဘက်တပ်ဖွဲ့ဝင် ၂၀ ဦးသေဆုံးခဲ့ကြောင်း အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည့် ပူဂါအွန်လက်နက်သိုလှောင်ရုံသည် နက်ပူရမြို့မှ ၁၁၀ ကီလိုမီတာ အကွာတွင်တည်ရှိပြီး မီးလောင်မှုဖြစ်ပွားပြီးနောက် အနီးအနားရှိ ကျေးရွာများမှ ဒေသခံ ၁၀၀၀ ခန့်ကို တာဝန်ရှိသူများက ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။

မီးလောင်ကျွမ်းမှုအတွင်း သေဆုံးခဲ့သူ ၂၀ ဦးအနက် နှစ်ဦးမှာ စစ်ဘက်အရာရှိများဖြစ်ကြောင်းနှင့် ယင်းမီးလောင်မှုအတွင်း လူ ၁၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ နီတင်ဝါတန်ကာက ပြောကြားထားသည်။

မီးလောင်မှုဖြစ်ပွားခဲ့သည့် ပူဂါအွန်လက်နက်သိုလှောင်ရုံသည် အိန္ဒိယနိုင်ငံအတွင်းရှိ အကြီးမားဆုံးလက်နက်သိုလှောင်ရုံများအနက် တစ်ခုဖြစ်ကြောင်းသိရသည်။

***Ref: USA Today, Xinhua***

# ယီမင်နိုင်ငံမှ ပစ်လွှတ်လိုက်သည့် ပဲ့ထိန်းဒုံးကျည်တစ်စင်းကို ဆော်ဒီတပ်ဖွဲ့ ကြားဖြတ်နိုင်

ရီယက်ဒ် မေ ၃၁

ဆော်ဒီအစိုးရတပ်ဖွဲ့ဝင်များသည် မေ ၃၀ ရက် ညပိုင်းတွင် ယီမင်နိုင်ငံမှ ပစ်လွှတ်လိုက်သည့်ပဲ့ထိန်းဒုံးကျည်တစ်စင်းကို ကြားဖြတ်နိုင်ခဲ့ကြောင်း ယီမင်အစိုးရအား ထောက်ခံသည့်ညွန့်ပေါင်းတပ်ဖွဲ့က ပြောကြားသည်။

ယီမင်နိုင်ငံမှ ဒုံးကျည်ပစ်လွှတ်ခြင်းသည် ၂၀၁၆ ခုနှစ် ဧပြီ ၂၁ ရက်က ကူဝိတ်နိုင်ငံ၌ ပြုလုပ်ခဲ့သည့် ဟူသီနှိုးယိုက်သူပုန်အဖွဲ့နှင့် ဆော်ဒီအစိုးရတို့အကြား ကုလသမဂ္ဂက ကမကထပြုသော ငြိမ်းချမ်းရေးဆွေးနွေးပွဲ စတင်ချိန်မှစ၍ ဒုတိယအကြိမ်ပစ်လွှတ်ခြင်းဖြစ်သည်။

ယင်းနောက် နိုင်ငံအတွင်းရှိ နေရာဒေသများကို ထိန်းချုပ်ထားသော ဟူသီသူပုန်အဖွဲ့အား တိုက်ခိုက်မှုများလုပ်ဆောင်နေသည့် ယီမင်တပ်ဖွဲ့ကို ဆော်ဒီဦးဆောင်သည့် ညွန့်ပေါင်းအဖွဲ့က ပြီးခဲ့သည့်နှစ် မတ်လအတွင်း လေကြောင်းပစ်ကူများနှင့်အခြားစစ်ဘက်ဆိုင်ရာ အထောက်အပံ့များပေးခဲ့ကြောင်းသိရသည်။

ယီမင်နိုင်ငံက ယခုကဲ့သို့ ပဲ့ထိန်းဒုံးကျည်တစ်စင်းပစ်လွှတ်လိုက်ခြင်းသည် နိုင်ငံတကာအဖွဲ့အစည်း၏ အောင်မြင်နေသည့် ငြိမ်းချမ်းရေးစေ့စပ်ညှိနှိုင်းမှုများကို နှောင့်ယှက်ဖျက်ဆီးခြင်းပင်ဖြစ်ကြောင်း ဆော်ဒီဦးဆောင်သည့် ညွန့်ပေါင်းအဖွဲ့က အစီရင်ခံစာတစ်စောင်တွင် ပြောကြားထားသည်ဟု သိရသည်။



***Ref: NDTV***

# အီရတ်နိုင်ငံအတွင်း ဖြန့်ကြက်ထားသည့်တပ်ဖွဲ့များ ပြန်လည်ရုပ်သိမ်းရန် တူရကီအား ရုရှားတောင်းဆို



မော်စကို မေ ၃၁

အီရတ်နိုင်ငံအတွင်း ဖြန့်ကြက်ထားသည့် တူရကီတပ်များကို ပြန်လည်ရုပ်သိမ်းပေးရန် တူရကီအစိုးရအား ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့ဗ်က မေ ၃၁ ရက်တွင် တောင်းဆိုလိုက်ကြောင်း သိရသည်။

တူရကီနိုင်ငံသည် ၎င်းတို့၏ တပ်ဖွဲ့ဝင် ၁၅၀ ခန့်နှင့် တင့်ကား ၂၅ စီးကို အီရတ်နိုင်ငံ နီနေဝေပြည်နယ်ရှိ စစ်အခြေစိုက်စခန်းတစ်ခုတွင် လွန်ခဲ့သည့်နှစ် ဒီဇင်ဘာလအတွင်းက အီရတ်အစိုးရ၏ခွင့်ပြုချက်မရှိဘဲ ဖြန့်ကြက်ခဲ့ခြင်းဖြစ်သည်။

တူရကီအစိုးရ၏လုပ်ဆောင်မှုမှာ မူအားဖြင့် လုံးဝလက်သင့်ခံနိုင်ဖွယ်မရှိကြောင်းနှင့် အီရတ်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို တိုးမြှင့်နိုင်ရေးအတွက် အဆိုပါတပ်များအားလုံးကို ပြန်လည်ရုပ်သိမ်းရန် လက်ဗ်ရော့ဗ်က တူရကီနိုင်ငံအား တောင်းဆိုခဲ့ခြင်းဖြစ်သည်။

သို့သော် အီရတ်နိုင်ငံအတွင်းသို့ ဖြန့်ကြက်ခဲ့သည့်တပ်ဖွဲ့ဝင်များသည် IS စစ်သွေးကြွများကို တိုက်ခိုက်နေသည့် ပြည်သူ့စစ်အဖွဲ့များကို လေ့ကျင့်သင်ကြားပေးရန်နှင့် အစောပိုင်းက ယင်းနိုင်ငံသို့စေလွှတ်ခဲ့သည့် တူရကီစစ်ရေးနည်းပြများကိုကာကွယ်ပေးရန် ရည်ရွယ်ခြင်းသာဖြစ်ကြောင်း တူရကီအစိုးရက တုံ့ပြန်ပြောကြားခဲ့သည်ဟု သိရသည်။

***Ref: Sputnik***

www.facebook.com/themyawadydaily

# မြန်မာစကိတ်စီးအားကစားအဖွဲ့ ကမ္ဘာ့ချန်ပီယံရှစ်စကိတ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိ

ရန်ကုန် မေ ၃၁

မြန်မာစကိတ်စီးအားကစားအဖွဲ့သည် တတိယအကြိမ်မြောက် အာဆီယံဖရီးစတိုင် စကိတ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် ကွာတားဖိုင်နယ် အဆင့်သာရရှိခဲ့ပြီး ဆုတံဆိပ်ရရှိခဲ့ခြင်းမရှိသော်လည်း ကမ္ဘာ့ချန်ပီယံရှစ်စကိတ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ကြောင်း မြန်မာနိုင်ငံစကိတ်စီးအားကစားအဖွဲ့မှ သိရသည်။

မလေးရှားနိုင်ငံ ကူချင်းမြို့၌ မေ ၂၇ ရက်မှ ၂၈ ရက်အထိ ကျင်းပခဲ့သည့် အဆိုပါပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ အားကစားသမားငါးဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ယင်းပြိုင်ပွဲ၏ ပြိုင်ပွဲအမျိုးအစားတစ်ခုဖြစ်သည့် နှစ်မိနစ်အတွင်း စည်းချက်ညီ အလှစီးပြရသည့် စကိတ်ပြိုင်ပွဲတွင် မြန်မာစကိတ်အဖွဲ့မှ ကျော်ဆုသွေးက အဆင့် (၈)၊ ဗညားအောင်က အဆင့် (၉) နှင့် လဝန်းကိုကိုက အဆင့် (၁၀) ရရှိခဲ့ခြင်းကြောင့် လာမည့် ကမ္ဘာ့ချန်ပီယံရှစ်စကိတ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာစကိတ်စီးအားကစားအဖွဲ့သည် အာဆီယံဖရီးစတိုင် စကိတ်ချန်ပီယံရှစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းကြောင့် အတွေ့အကြုံကောင်းများရရှိခဲ့ပြီး တခြားပြိုင်ပွဲများအတွက် အထောက်အကူပြုနိုင်သော်လည်း ပြည်တွင်း၌ နိုင်ငံတကာအဆင့်မီ စကိတ်ကွင်းမရှိသဖြင့် အခက်အခဲများရှိကြောင်း မြန်မာနိုင်ငံစကိတ်စီးအားကစားအဖွဲ့မှ ကိုလွင်လတ်ကပြောသည်။

ကမ္ဘာ့ချန်ပီယံရှစ်စကိတ်ပြိုင်ပွဲကို နိုဝင်ဘာလတွင် ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲအမျိုးအစားနှင့်ပြိုင်ပွဲကျင်းပမည့်ရက်ကို ထုတ်ပြန်ခြင်း မရှိသေးကြောင်း သိရသည်။

**မင်းသန့်**




# မြန်မာ့လက်ဝှေ့ခမောင်းကုမ္ပဏီနှင့် ပူးပေါင်း၍ ပြိုင်ပွဲဝင်မည့် ကစားသမားများကို နိုင်ငံတကာအဆင့်မီ လေ့ကျင့်မှုများပြုလုပ်ပေးမည်

ရန်ကုန် မေ ၃၁

၂၀၁၆ ခုနှစ် အောက်တိုဘာလမှစတင်၍ မြန်မာ့ရိုးရာလက်ဝှေ့နှင့် MMA ပြိုင်ပွဲများ ပွဲသွင်းကျင်းပမည့် မြန်မာ့လက်ခမောင်းကုမ္ပဏီက ၎င်းတို့ပြိုင်ပွဲများမှ ထွက်ပေါ်လာမည့်ကစားသမားများထဲမှ ကုမ္ပဏီနှင့် ဆက်လက်လက်တွဲပြီး နိုင်ငံတကာပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်မည့် ကစားသမားများအား နိုင်ငံတကာအဆင့်မီလေ့ကျင့်မှုများပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း ယင်းကုမ္ပဏီမှ ဦးဇေသီဟ၏ပြောကြားချက်အရ သိရသည်။

"နိုင်ငံတကာပြိုင်ပွဲတွေကို ဝင်ရောက်ယှဉ်ပြိုင်တော့မယ်ဆိုရင် ပြည်တွင်းကစားသမားတွေအနေနဲ့ နိုင်ငံတကာလေ့ကျင့်မှုပုံစံအတိုင်း လေ့ကျင့်ရမှာပါ။ ဥပမာ-စားသောက်ပုံကစပြီး ပြောင်းလဲလေ့ကျင့်ရမှာပါ။ လက်တွဲမယ့် ကစားသမားတွေအားလုံးအတွက် ကုမ္ပဏီက ကုန်ကျစရိတ်ကို တာဝန်ယူပြီး လေ့ကျင့်ပေးသွားမှာပါ။ ရည်ရွယ်ချက်ကတော့ မြန်မာကစားသမားတွေ နိုင်ငံတကာအဆင့်ကို ထိုးဖောက်နိုင်အောင် ပံ့ပိုးကူညီပေးတာပါ" ဟု ၎င်းကဆက်လက်ပြောသည်။

ယင်းကစားသမားများကို ပြည်တွင်းရှိ အဆင့်မီကိုယ်ကာယကြံ့ခိုင်မှုဆိုင်ရာလေ့ကျင့်ခန်းမ၌ လေ့ကျင့်စေခြင်းအပါအဝင် နိုင်ငံတကာတိုက်ခိုက်ရေးပညာရှင်များကို ခေါ်ယူလေ့ကျင့်ပေးသွားမည်ဖြစ်ပြီး လိုအပ်ပါက ကစားသမားများကို ပြည်ပ၌ သွားရောက်လေ့ကျင့်စေမည်ဖြစ်ကြောင်း သိရသည်။

**မင်းသော်တာလွင်**

# (၉)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် မျက်မမြင်စစ်တုရင်ပြိုင်ပွဲ ထည့်သွင်းကျင်းပရန် တင်ပြသွားမည်

ရန်ကုန် မေ ၃၁

မလေးရှားနိုင်ငံ၌ ကျင်းပမည့် (၉)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် မျက်မမြင်စစ်တုရင်ပြိုင်ပွဲပါဝင်ခြင်းမရှိသည့်အတွက် ထည့်သွင်းကျင်းပရန် တခြားအာဆီယံနိုင်ငံများနှင့်အတူ မြန်မာနိုင်ငံမသန်စွမ်းသူများအားကစားအဖွဲ့ချုပ်အနေဖြင့် မကြာမီကျင်းပမည့် အကြိုညှိနှိုင်းအစည်းအဝေး၌ တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

"အိမ်ရှင်ဖြစ်တဲ့မလေးရှားက မျက်မမြင်စစ်တုရင်ပြိုင်ပွဲကို ဒီတစ်ခေါက်ထည့်မထားဘူး။ ဒီအားကစားမှာ ကျွန်တော်တို့ကလေးတွေ တော်တော်လေးတိုးတက်လာတယ်။ ပြီးခဲ့တဲ့စင်ကာပူပြိုင်ပွဲမှာဆို ရွှေလေးဆု၊ ငွေနှစ်ဆုနဲ့ ကြေးသုံးဆုရခဲ့ပါတယ်။ အခုဒီကစားနည်းမပါဘူးဆိုတော့ တကယ်ပဲနစ်နာပါတယ်။ တခြားနိုင်ငံတွေကလည်း ပါစေချင်ကြတယ်။ ဒါကြောင့် ဇွန် ၆ ရက်ကနေ ၈ ရက်အထိကျင်းပမယ့် အကြိုညှိနှိုင်းအစည်းအဝေးမှာ သက်ဆိုင်ရာအာဆီယံနိုင်ငံတွေနဲ့အတူ ကျွန်တော်တို့တင်ပြကြဖို့ ပြင်ဆင်ထားပါတယ်" ဟု မြန်မာနိုင်ငံမသန်စွမ်းသူများအားကစားအဖွဲ့ချုပ်အတွင်းရေးမှူး ဦးပီတာက ပြောသည်။

(၉)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစား(၁၆) မျိုးထည့်သွင်းကျင်းပမည်ဖြစ်သော်လည်း မြန်မာနိုင်ငံမသန်စွမ်းသူများအားကစားအဖွဲ့ချုပ်အနေဖြင့် ပြေးခုန်ပစ်၊ ရေကူး၊ ဂိုးလ်ဘောလ်၊ မြားပစ်၊ မျက်မမြင်စစ်တုရင်၊ ဘိုးလင်းအစရှိသည်တို့တွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန် ပြင်ဆင်လေ့ကျင့်လျက်ရှိသည်။ အောင်မြင်မှုရရှိရေးအတွက် ပြည်တွင်းနည်းပြများအပြင် JICA အကူအညီဖြင့် ဂျပန်နိုင်ငံသားနည်းပြတစ်ဦးလည်း မကြာမီရောက်ရှိလာမည်ဖြစ်ကြောင်း သိရသည်။

"ပြည်ပပြိုင်ပွဲတွေမှာ အရင်ကအားထားရတာ ပြေးခုန်ပစ်နဲ့ ရေကူးအားကစားနည်းတွေဖြစ်ပါတယ်။ သူတို့ကရွှေအများဆုံးရယူပေးတဲ့ကစားနည်းတွေပါ။ ကျန်တဲ့ကစားနည်းတွေကလည်းရနိုင်တယ်ဆိုပေမယ့် သူတို့လောက်မဟုတ်ပါဘူး။ အခုတော့ မျက်မမြင်စစ်တုရင်က သူတို့နောက်ကနေလိုက်လာပြီး အားထားရတဲ့ ကစားသမားကောင်းတွေ ကျွန်တော်တို့မွေးထုတ်နိုင်ပါပြီ" ဟု ၎င်းက ဆက်လက်ပြောသည်။

မြန်မာမသန်စွမ်းအားကစားသမားများသည် စင်ကာပူနိုင်ငံ၌ကျင်းပသည့် (၈)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ပြေးခုန်ပစ်၌ ရွှေသုံးခု၊ ရေကူးပြိုင်ပွဲ၌ ရွှေကိုးခု၊ မျက်မမြင်စစ်တုရင်ပြိုင်ပွဲ၌ ရွှေလေးခုအပါအဝင် စုစုပေါင်း ရွှေ ၁၆ ခု၊ ငွေ ၁၈ ခု၊ ကြေး ၂၈ ခုရရှိခဲ့ပြီး နိုင်ငံအလိုက်ရပ်တည်မှုအနေဖြင့် အဆင့် (၆) ရရှိခဲ့သည်။

ယင်းပြိုင်ပွဲတွင် ရွှေတံဆိပ် ၉၅ ဆုဖြင့် ထိုင်းနိုင်ငံက အဆင့် (၁)၊ ရွှေတံဆိပ် ၈၁ ဆုဖြင့် အင်ဒိုနီးရှားနိုင်ငံက အဆင့် (၂)၊ ရွှေတံဆိပ် ၅၂ ဆုဖြင့် မလေးရှားနိုင်ငံက အဆင့် (၃)၊ ရွှေတံဆိပ် ၄၈ ဆုဖြင့် ဗီယက်နမ်နိုင်ငံက အဆင့် (၄)၊ ရွှေတံဆိပ် ၂၄ ဆုဖြင့် အိမ်ရှင်စင်ကာပူနိုင်ငံက အဆင့် (၅)ရရှိခဲ့ကြသည်။

**ဝန်းရုံ**



# မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း ကာတာနိုင်ငံသို့ သွားရောက်လေ့ကျင့်ရန် နည်းပြချုပ်ဆန္ဒရှိနေ

ရန်ကုန် မေ ၃၁

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် ၂၀၁၆ ဆူဇူကီးဖလားပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် အဓိကပစ်မှတ်ထားလျက်ရှိပြီး ဆူဇူကီးဖလားပြိုင်ပွဲမတိုင်မီ ကာတာနိုင်ငံသို့ သွားရောက်လေ့ကျင့်ရန် ဆန္ဒရှိနေကြောင်း နည်းပြချုပ်ဂတ်ဆီဗီကပြောသည်။

မြန်မာ့လက်ရွေးစင်အသင်းအနေဖြင့် ဇွန် ၃ ရက်မှ ၆ ရက်အထိ ရန်ကုန်မြို့၌ ကျင်းပမည့် AYA Bank Cup 2016 လေးနိုင်ငံဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ၌ အောင်မြင်မှုရရှိမည်ဟုယုံကြည်ကြောင်း ၎င်းကဆက်လက်ပြောသည်။

AYA Bank Cup 2016 လေးနိုင်ငံဖိတ်ခေါ်ဘောလုံးပြိုင်ပွဲတွင် အိမ်ရှင်မြန်မာအသင်းအပါအဝင် ဟောင်ကောင်၊ စင်ကာပူနှင့် ဗီယက်နမ်အသင်းတို့ပါဝင်မည်ဖြစ်ပြီး ပွဲစဉ်ရေးဆွဲထားမှုအရ ဟောင်ကောင်နှင့် ဗီယက်နမ်၊ မြန်မာနှင့် စင်ကာပူအသင်းတို့ ဇွန် ၃ ရက်တွင် စတင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**မင်းသန့်**

# လေ့ကျင့်ရေးကွင်းများပျက်စီးမှုကြောင့် မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲဝင်ကလပ်အသင်းများ လေ့ကျင့်ရန်အခက်အခဲဖြစ်

ရန်ကုန် မေ ၃၁

မိုးသက်တိုက်ရွာသွန်းမှုကြောင့် မြန်မာနေရှင်နယ်လိဂ်ဘောလုံးပြိုင်ပွဲဝင် ကလပ်အသင်းများ၏ လေ့ကျင့်ရေးကွင်းတချို့ ပျက်စီးခဲ့ပြီး လက်ရှိတွင် ပြိုင်ပွဲဝင်ကလပ်အသင်းများအနေဖြင့် လေ့ကျင့်ရန်အခက်အခဲများဖြစ်ပေါ်နေကြောင်း ကလပ်အသင်းများမှ တာဝန်ရှိသူတို့၏ ပြောကြားချက်အရ သိရသည်။

"မေလအတွင်း မိုးသက်တိုက်ရွာသွန်းမှုတွေဖြစ်ပေါ်ခဲ့တော့ ရန်ကုန်မြို့တွင်းမှာရှိတဲ့ ကလပ်အသင်းတွေရဲ့ လေ့ကျင့်ရေးကွင်း ပျက်စီးမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ မိုးရေတွေကြောင့် ကွင်းမြက်ခင်းပြင်တွေပျက်စီးခဲ့တာတွေရှိတော့ ကလပ်အသင်းတွေအတွက် လေ့ကျင့်ဖို့အခက်အခဲဖြစ်ပေါ်နေပါတယ်" ဟု ဆောက်သမ်းမြန်မာအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါ လေ့ကျင့်ရေးကွင်းများပျက်စီးမှုပြဿနာကို ဆောက်သမ်းမြန်မာအသင်းအပါအဝင် ကလပ်အသင်းလေးသင်းမှ တွေ့ကြုံနေရခြင်းဖြစ်ပြီး ဆောက်သမ်းမြန်မာအသင်း၏ လေ့ကျင့်ရေးကွင်းဖြစ်သည့် ဒဂုံ (ဆိပ်ကမ်း)မြို့နယ်အတွင်းရှိ ယုဇနဥယျာဉ်မြို့တော်ဘောလုံးကွင်းနှင့် ကျိုက္ကဆံအားကစားကွင်းအတွင်းရှိ ဘောလုံးကွင်းတချို့ပျက်စီးမှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**မင်းသော်တာလွင်**



www.facebook.com/themyawadydaily



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမေရိကန်ကွန်ဂရက်၊ House Democracy Partnership ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၃၁

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အမေရိကန်ကွန်ဂရက်၊ House Democracy Partnership ဥက္ကဋ္ဌ Mr.Peter Roskam ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ဗေဟျာသိဒ္ဓိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူရွေးချယ်သည့် ဒီမိုကရေစီလမ်းကြောင်းတွင် ဒုတိယသက်တမ်းကာလအစိုးရအနေဖြင့် မှန်မှန်ကန်ကန်ဦးဆောင်သွားနိုင်ရန် တပ်မတော်အနေဖြင့် ကူညီဆောင်ရွက်ပေးနေမှုအခြေအနေများ၊ မြန်မာနိုင်ငံလွှတ်တော်များအတွင်း တပ်မတော်သားကိုယ်စားလှယ်များအား ရွေးချယ်တာဝန်ပေးမှု၊ လွှတ်တော်အတွင်း လွှတ်လပ်စွာဆွေးနွေးအကြံပြုနိုင်မှု၊ သက်ဆိုင်ရာလွှတ်တော်များအတွက်

စာမျက်နှာ ၁၇ ကော်လံ ၁ ★



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမေရိကန်ကွန်ဂရက်၊ House Democracy Partnership ဥက္ကဋ္ဌ Mr.Peter Roskam အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

## ထူးခြားသည့်နေ့အပူချိန်

၃၁-၅-၂၀၁၆

မြင်းခြံ ၄၉ ံ C

## ခရမ်းလွန်ရောင်ခြည် အမြင့်ဆုံးအညွှန်းကိန်း

၃၁-၅-၂၀၁၆

| | | |
|---|---|---|
| နေပြည်တော် | ၉ | ဒသမ ၄ |
| ရန်ကုန် | ၂ | ဒသမ ၉ |
| မန္တလေး | ၁၀ | နှင့်အထက် |

## မှတ်သားဖွယ်ရာမိုးရေချိန်များ

၃၁-၅-၂၀၁၆

| | | |
|---|---|---|
| ဟိုင်းကြီးကျွန်း | ၁၀ ဒသမ ၁၂ | လက်မ |
| မော်ဘီ | ၄ ဒသမ ၃၅ | လက်မ |
| ရန်ကုန်(မင်္ဂလာဒုံ) | ၂ ဒသမ ၉၉ | လက်မ |
| ရန်ကုန်(ဗဟန်းမြောက်ပိုင်း) | ၂ ဒသမ ၅၆ | လက်မ |
| ဇလွန် | ၂ ဒသမ ၂၈ | လက်မ |
| လှိုင်ကော် | ၁ ဒသမ ၈၁ | လက်မ |

# အိန္ဒိယနိုင်ငံရောက် မြန်မာရေလုပ်သားများပြန်လည်ရောက်ရှိ



ရန်ကုန် မေ ၃၁

အိန္ဒိယနိုင်ငံ ပို့ဘလဲယားမြို့တွင် အကြောင်းအမျိုးမျိုးကြောင့် ရေပိုင်နက်ကျော်လွန်၍ ဖြစ်ဒဏ်ကျခံရသည့် မြန်မာရေလုပ်သား ၁၂၉ ဦးသည် ယနေ့ညနေပိုင်းတွင် MAI လေကြောင်းလိုင်းမှ စင်းလုံးငှားလေယာဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာသည်။

အဆိုပါရေလုပ်သားများမှာ ရခိုင်ပြည်နယ်မှ ၂၃ ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ၁၀၄ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ နှစ်ဦး စုစုပေါင်း ၁၂၉ ဦးဖြစ်သည်။ ဇွန် ၂ ရက်တွင်လည်း ၁၂၀ ဦးကို ထပ်မံခေါ်ဆောင်မည်ဖြစ်ကြောင်းသိရသည်။

" မြန်မာရေလုပ်သားတချို့က ရေနယ်နိမိတ်ကိုမသိဘဲ ကျော်သွားတာရှိတယ်။ တချို့က သိသိနဲ့သူများနယ်ထဲမှာ ငါးသွားဖမ်းတာရှိတယ်။ စက်ပျက်မုန်တိုင်းမိလို့ နယ်ကျွံသွားတာလည်းရှိတယ်။

စာမျက်နှာ ၈ ကော်လံ ၁ ●

# SSA (ဝမ်ဟိုင်း)အဖွဲ့မှ အရပ်ဘက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ ဖမ်းဆီးရမိ

နေပြည်တော် မေ ၃၁

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သိန္နီမြို့နယ်၊ ပိန်းဆာအုပ်စု၊ ပန်စုံကျေးရွာရှိ ကျေးရွာသူကြီး ဦးအိုက်လူ၏နေအိမ်၌ SSA(ဝမ်ဟိုင်း)အဖွဲ့မှ ၂၀၁၆ ခုနှစ်အတွက် သိန္နီမြို့နယ်အတွင်းကျေးရွာများသို့ ညွှန်ကြားချက်များနှင့်ပတ်သက်၍ ကျေးရွာသူကြီးများအား အစည်းအဝေးခေါ်ယူပြုလုပ်လျက်ရှိကြောင်း သတင်းအရ နယ်မြေခံတပ်မတော်စစ်ကြောင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၃၀ ရက် နံနက် ၈ နာရီခွဲခန့်တွင် အဆိုပါနေအိမ်အား ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့သည်။

စာမျက်နှာ ၈ ကော်လံ ၄ □

## အဝေးပြေးယာဉ်လိုင်းများ၌ မူးယစ်ဆေးဝါးနှင့် လက်နက်ခဲယမ်းများတင်ဆောင်လာခြင်း ရှိ၊ မရှိ စစ်ဆေးမည်

စာ - ၂၄ သို့

## နိုင်ငံတကာသတင်း

### အိန္ဒိယနိုင်ငံထုတ် HTT-40 လေ့ကျင့်ရေးလေယာဉ် ပထမဆုံးအကြိမ်အဖြစ် အောင်မြင်စွာစမ်းသပ်ပျံသန်း





စာ- ၂၂ သို့

### ဂျပန်နိုင်ငံသို့ ကူရိုင်းကျွန်းများအား ပေးအပ်မည် မဟုတ်ဟု ရုရှားအိုင်အမာပြောကြား



စာ- ၂၂ သို့

### ထိုင်းနိုင်ငံရှိ Tiger Temple ဘုန်းကြီးကျောင်းမှ ကျားများကို တိရစ္ဆာန်ရုံသို့ပြောင်းရွှေ့ပေး





စာ- ၂၂ သို့

www.myawady.net.mm
E.mail:mwdpress@hotmail.co.uk

www.facebook.com/themyawadydaily